# မန္တလေးနေ့စဉ်

The Mandalay Daily

ဥက္ကဋ္ဌနှစ် ။ မြို့ဝင်ဘာလ ဥဝရုက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၂၆)၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ၃၀-၁၀-၂၀၂၆၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် အောက်တိုဘာ ၂၉

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊

စာမျက်နှာ ၃ သို့ ○

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

## ယနေ့ ဖတ်စရာ အညွှန်း


အဘိုးကြီးအို ခါးကုန်းကုန်း (ဆောင်းပါး)

စာမျက်နှာ ၁၄

2026 Prudential Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲ နိဝင်ဘာ ၂ ရက်တွင် စတင်မည်

စာမျက်နှာ ၁၆

တပင်တိုင်ခြင်းလုံးအလှခတ် စွမ်းရည်ဖြင့် သုံးရက်ကြာ လာရောက်ဖျော်ဖြေ


စာမျက်နှာ ၁၇


## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၉

ယနေ့ည‌နေ ၃ နာရီခွဲတိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကပွလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော နီကိုးဘားကျွန်းတို့တွင် အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ လည်းကောင်း၊

စာမျက်နှာ ၁၉ သို့ ■




## နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် 5G ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှုများ စမ်းသပ်အသုံးပြုနိုင်ပြီဖြစ်

နေပြည်တော် အောက်တိုဘာ ၂၉



နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် 5G ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှုများ စမ်းသပ်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

နေပြည်တော်ကောင်စီနယ်မြေဥတ္တရသီရိမြို့နယ်နှင့် ဓမ္မုသီရိမြို့နယ်အတွင်းရှိ ဆက်သွယ်ရေးစခန်းများတွင် 5G ဆက်သွယ်ရေးနည်းပညာ အကောင်အထည်ဖော်နေမှု၊ ကွန်ရက်ချိတ်ဆက်

စာမျက်နှာ ၁၉ သို့ ❐

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၉

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ ၈လ

# သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေး အသိပညာပေး ဆွေးနွေးဟောပြော

ညောင်ဦး အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညှိဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေအရင်းအမြစ် လျော့နည်းမှုနှင့် သောက်သုံးရေသန့်ရှင်းရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့က ညောင်ဦးမြို့နယ် ပြန်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဟောပြော‌ပွဲတွင် ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက အယ်လ်နီညှိဖြစ်စဉ်ကြောင့် ကျရောက်လာနိုင်သည့်အခြေအနေများ၊ အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့် အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့် အချက်များကို အသိပညာပေးရှင်းလင်းဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် ရပ်မိရပ်ဖများနှင့် ကျေးရွာသား‌များက မိမိတို့ကျေးရွာများ၌ အယ်လ်နီညှိဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်နိုင်ရန်အတွက် သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ရေရှည်မှဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာထိန်းသိမ်းခြင်းနှင့် ရေကိုလိုအပ်သလောက်သာ သုံးစွဲခြင်းတို့ကို ဆောင်ရွက်ရန် ဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

(၄၄၅)

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

မိုးကောင်း အောက်တိုဘာ ၂၉

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြိုးမှူး၍ အောင်သာကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းရှိမဂ္ဂာရုံ၌ အောက်တိုဘာ ၂၈ ရက် ခုနှက် ၉ နာရီတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမိုးထိုက်က အမှာစကားပြောကြား၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဒေတ္တဥက္ကဋ္ဌ ဦးဆန်းထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များ ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးကြိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ပြည်သူ့စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများဖြစ်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုမိမခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့်ဒေသခံပြည်သူများ၏ သိရှိလိုသည်များနှင့် ဒေသလိုအပ်ချက်များကို တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

သန်းလွင်ဦး(ပြန်/ဆက်)

၀-၀-၀-၀-၀

# မြေဆီလွှာအတွင်း သစ်ဆွေးဓာတ်ပါဝင်မှု တိုးတက်စေရန် ဆောင်ရွက်ရမည့် နည်းလမ်းများဆိုင်ရာ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်မှု (TOT) သင်တန်းဖွင့်လှစ်ပို့ချ

မန္တလေး အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ၊ တိုင်းမြေအသုံးချရေးဌာနခွဲမှ တိုင်းဒေသကြီးအတွင်းသီးနှံစိုက်ပျိုးမြေများ၏ မြေဆီလွှာအရည်အသွေးနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြေဆီလွှာအတွင်း သစ်ဆွေးဓာတ် (Soil Organic Matter – SOM)ပါဝင်မှု တိုးတက်စေရန် ဆောင်ရွက်ရမည့် နည်းလမ်းများ ဆိုင်ရာဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်မှု(TOT)သင်တန်းကို တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ယနေ့ နံနက်ပိုင်းက ဖွင့်လှစ်ပို့ချခဲ့ရာ ခရိုင်၊ မြို့နယ်များရှိ စိုက်ပျိုးပညာပေး ဝန်ထမ်း Virtual Zoom Systemဖြင့် တက်ရောက်သူ ၁၂၅ ဦး အပါအဝင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၇၅ ဦး တက်ရောက်ခဲ့ကြသည်။

**ဒီသင်တန်းဟာ တိုင်းဒေသကြီးအတွင်း ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေး၊ မြေဆီလွှာအရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးနဲ့ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးတို့အတွက် အထောက်အကူပြုတဲ့ လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပါတယ်၊ ဆွေးနွေးပို့ချလိုက်တဲ့ အသိပညာနဲ့ နည်းပညာတွေကို စိုက်ပျိုးပညာပေးဝန်ထမ်းတွေက ကျွမ်းကျင်စွာနားလည်သဘောပေါက်ပြီး တောင်သူတွေကို ထိရောက်စွာ ထပ်ဆင့်ပညာပေးသွားမှာပါ**ဟု မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းထိန်းကပြောသည်။

သင်တန်း၌ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းမြေအသုံးချရေး တာဝန်ခံ ဒေါ်သင်းသင်းချိုက မြေဆီလွှာအတွင်းရှိ သစ်ဆွေးဓာတ် (Soil Organic Matter–SOM)၏အဓိပ္ပာယ်၊ ဖွဲ့စည်းဖြစ်ပေါ်ပုံနှင့် မြေဆီလွှာ၏ရုပ်ပိုင်း၊ ဓာတုပိုင်းနှင့် ဇီဝပိုင်းဆိုင်ရာ ဂုဏ်သတ္တိများအပေါ် အကျိုးသက်ရောက်မှုများ၊ သစ်ဆွေးဓာတ်ပါဝင်မှုလျော့နည်း လာစေသည့်အကြောင်းရင်းများနှင့် မြေဆီလွှာအတွင်း သစ်ဆွေး ဓာတ်ပါဝင်မှု တိုးပွားလာစေရန် ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါနည်းလမ်းများတွင် သီးနှံအကြွင်းအကျန်များကို မြေဆီလွှာအတွင်း ပြန်လည်ထည့်သွင်းခြင်း၊ ပိုက်ဆံလျော့ကဲ့သို့သော သစ်မိမဲမြေဩသီးနှံများ စိုက်ပျိုးထည့်သွင်းခြင်း၊ သဘာဝ မြေဩနှင့် မြေဆွေးများထည့်သွင်းအသုံးပြုခြင်း၊ စပါးရိုးပြတ်များကို မီးရှို့ဖျက်ဆီးခြင်းမပြုဘဲ မြေတွင်းသို့ ပြန်လည်ထည့်သွင်းခြင်းနှင့် ဇီဝမီးသွေး(Biochar)ကို သင့်လျော်သည့် နည်းလမ်းများဖြင့် အသုံးပြုခြင်းတို့ ပါဝင်ကြောင်း၊ မြေဆီလွှာအတွင်း သစ်ဆွေးဓာတ် တိုးတက်လာခြင်းဖြင့် မြေဆီလွှာ၏ ရေထိန်းသိမ်းနိုင်စွမ်း၊ အာဟာရဓာတ်ထိန်းသိမ်းနိုင်စွမ်းနှင့် မြေဆီလွှာဖွဲ့စည်းတည်ဆောက်ပုံ တိုးတက်လာနိုင်ပြီး သီးနှံပင်များ၏ အမြစ်များ ကောင်းစွာဖွံ့ဖြိုးရန်နှင့် မြေဆီလွှာအတွင်းရှိ အကျိုးပြုအဏုဇီဝများ၏လုပ်ဆောင်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ သီးနှံအကြွင်းအကျန်များကို မီးမရှို့ဘဲ မြေဆီလွှာအတွင်း ပြန်လည်ထည့်သွင်းခြင်းဖြင့် မီးခိုးမြူနှင့် လေထုညစ်ညမ်းမှုလျော့ချရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။**(မန္တလေးနေ့စဉ်-၄)**



သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydaily-newspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၂၀၂၆ ခုနှစ် ၊ အောက်တိုဘာ ၃၀ ရက်၊ သောကြာနေ့။

# စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများမှ တန်ပိုးမြင့်ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ရရှိရေးအောင်ဂျက်ရမည်

အစိုးရတစ်ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမြဲပြတ်ရွက်ဆောင်ကြီးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်သူလူထု၏လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်ချက်ထား၍ အမြဲမပြတ်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့သမိုင်းတွင် မှတ်ကျောက်တင်ခဲ့နိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး မိမိတို့ကိုယ်စွမ်းဘုဏ်စွမ်းရှိသမျှနှင့် နိုင်ငံ၏ရေခဲမြေခဲကောင်းများ၊ အရင်းအမြစ်များကို မှန်မှန်မှန်ကန်ပေါင်းစပ်အသုံးချ၍ ကြီးမားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စီးပွားရေးလုပ်ငန်းများနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲသည့် စီးပွားရေးလုပ်ငန်းများကို ရေးဆစ်အဆက်ကတည်းက ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မိရိုးဖလာနည်းလမ်းများကို အသုံးပြုဆောင်ရွက်ခြင်းမှ ဖောက်ထွက်ကာ စဉ်ဆက်မပြတ်ပြောင်းလဲနေသည့် ခေတ်မီနည်းပညာများကို အသုံးပြု၍ သုတေသနပြုလေ့လာသုံးသပ်ပြင်ဆင်ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာတွင် အမှန်တကယ် အလုပ်လုပ်ကြမည်ဆိုပါက ထုတ်ကုန်ပစ္စည်းများ ရရှိလာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်ပသွင်းကုန်များကို လျော့ချနိုင်ကာ ပြည်ပပို့ကုန်များကို တိုးမြှင့်ရရှိလာမည်ဖြစ်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုများစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်လုပ်ငန်းများ၊ သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲသည့် လုပ်ငန်းများအပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုဖြစ်သည့် အထည်ချုပ်လုပ်ငန်း(CMP)ဆောင်ရွက်ကြသည်များလည်းရှိပြီး ယင်းလုပ်ငန်းသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများရှိမှသာလျှင် ဆောင်ရွက်၍ရသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ CMPလုပ်ငန်းများ၌ လုပ်ကိုင်ဆောင်ရွက်နေကြသူများ အများအပြားရှိကြသဖြင့် လုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့မှုရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် လိုအပ်သည်များ စိစစ်ပြဿဒီးသည်း အားပေးဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီးနိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ယခင်ကကြုတ္တေ့ခဲ့ရသော စီးပွားရေးနှင့်ပတ်သက်သည့် အခက်အခဲနှင့် သင်ခန်းစာများကို ဆန်းစစ်ဖော်ထုတ်ပြီး သုံးသပ်အဖြေရှာဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်တွင်ဖြစ်ပေါ်လျက်ရှိသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ၊ စက်သုံးဆီနှင့် စားသုံးဆီများ နှစ်စဉ်အများအပြား တင်သွင်းနေရမှုများ၊ ငွေကြေးတန်ဖိုးမတည်ငြိမ်မှုများကိုလည်း အဖြေရှာ၍ ဖြေရှင်းပေးကြရမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများမှ တန်ပိုးမြင့်ထုတ်ကုန်ပစ္စည်းများတိုးမြှင့်ရရှိရေး၊ ပြည်ပပို့ကုန်များတိုးမြှင့်ရရှိရေးနှင့် နိုင်ငံ၏ထုတ်ကုန်များဈေးကွက်ရရှိရေးတို့အတွက် အစိုးရ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး လက်တွဲညီညီဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/ဇန.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ ၀၉-၇၅၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

✪ ရွှေဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဧနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီး များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ အကဲဖြတ် ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူ များ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် နိုင်ငံတော် အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်ပရိသတ်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်များ အားလုံး မိမိတို့၏ အမျိုးသားယဉ်ကျေးမှု ကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ရင်း အမျိုးသားအကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်နိုင်ကြပါစေရန် ဆုမွန်ကောင်း တောင်း နှုတ်ခွန်းဆက်သပါကြောင်း။

ယနေ့အခမ်းအနားသည် ပြိုင်ပွဲဝင် အနုပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှု ကို ဂုဏ်ပြုသည့် အခမ်းအနားဖြစ်သကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ကြရန် အားပေးတိုက်တွန်းသည့် အခမ်းအနား လည်း ဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို မျိုးဆက်သစ်လူငယ် များ၏ အမျိုးသားရေးစိတ်ဓာတ်နှင့် ယဉ်ကျေးမှုအမွေအနှစ်အပေါ် မြတ်နိုး တန်ဖိုးထားမှုများ ပိုမိုရှင်သန်လာစေရန် ရည်ရွယ်ပြီး နိုင်ငံတော်အဆင့်အဖြစ် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုပါက (၂၇)ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ယခင်နှစ် (၂၆)ကြိမ်မြောက်ပြိုင်ပွဲတွင် မန္တလေးငလျင်ကြီးကြောင့် ပြိုင်ပွဲအမျိုး အစားအချို့ မကျင်းပနိုင်ခဲ့သော်လည်း အနုပညာရှင် ၁၇၃၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ် ၃၁၃ ဆု ချီးမြှင့်နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဝါသနာရှင်အဆင့်ပြိုင်ပွဲများ၊ ဇာတ်တော်ကြီးနှင့် ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲများကို ပြန်လည်ထည့်သွင်းကျင်းပ နိုင်ခဲ့သည့်အပြင် ပြိုင်ပွဲဝင်အနုပညာရှင် ၂၃၄၆ ဦးအထိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ယင်းသည် မြန်မာ့ရိုးရာ အနုပညာကို ချစ်မြတ်နိုးသည့်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ ကြားတွင် စိတ်ဝင်စားမှုနှင့် ပါဝင်မှုတိုးမြင့် လာသည်ကို ဖော်ပြနေကြောင်း။

ပြိုင်ပွဲဝင် အနုပညာရှင်အားလုံး၏ ကြိုးပမ်းအားထုတ်မှု၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၏ တာဝန်ကျေပွန်မှု နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှု တို့ကို အသိအမှတ်ပြုကြောင်း၊ အနုပညာ ကို ချစ်မြတ်နိုးပြီး အားပေးကြသည့် ပရိသတ်အားလုံးကိုလည်း ကျေးဇူးတင်ရှိ ကြောင်း။

ထို့အပြင် ယခုနှစ်တွင် မျိုးဆက်သစ် လူငယ်များ ဆုပိုမိုရရှိလာသည်ကို တွေ့ရ သည့်အတွက်လည်း ချီးကျူးဂုဏ်ပြု ကြောင်းကို ပြောကြားလိုကြောင်း၊ မှာကြားလိုသည်မှာ ဆုရရှိခြင်းသည် မိမိတို့၏ ကြိုးစားအားထုတ်မှုအတွက် ထိုက်တန်သည့် အသိအမှတ်ပြုမှုဖြစ် သကဲ့သို့ မိမိတို့ တတ်မြောက်ထားသည့် အနုပညာ ပညာရပ်များကို ပိုမိုတိုးတက် အောင် ဆက်လက်လေ့လာလေ့ကျင့်ပြီး အနာဂတ် မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးနိုင်ရန်လည်း အရေးကြီး သည့် တာဝန်တစ်ရပ်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ဆိုပါက သဘာဝသယံဇာတ၊ ခေတ်မီ နည်းပညာနှင့် လူစွမ်းအားအရင်းအမြစ် များ လိုအပ်သကဲ့သို့ နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် နှင့် ဇာတိသွေး၊ ဇာတိမာန်များကို ရှင်သန် စေမည့် အမျိုးသားယဉ်ကျေးမှုအခြေခံ များ ခိုင်မာရန်လည်းလိုအပ်ကြောင်း။

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့တွင် ပထမဆုရရှိခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကိုယ်စားပြုပြိုင်ပွဲဝင်များက သီဆိုကပြ တီးခတ်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

❖ ယနေ့ခေတ် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများကြားတွင် နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်

❖ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားအကျိုးစီးပွားကို စောင့်ဆောင်ရန်ဆိုပါက မျိုးဆက်သစ်လူငယ်များတွင် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးလေးစားတန်ဖိုးထားမှုများ ရှင်သန်ခိုင်မာနေရန်လို

❖ ယင်းစိတ်ဓာတ်များကို အနုပညာစွမ်းပကားဖြင့် မြှင့်တင်ပေးနိုင်မည်ဆိုပါက ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအကျိုးကို ကာကွယ်စောင့်ရှောက်လိုစိတ်များ ပိုမိုခိုင်မာလာမည်ဖြစ်

»»» စာမျက်နှာ ၃ မှ

မြန်မာ့ရိုးရာ ယဉ်ကျေးမှုဟူသည် နေရာတွင် ဝတ်စားဆင်ယင်မှု၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် လူမှုကျင့်ဝတ်များသာမက မဟာဂီတ၊ ခေတ်ဟောင်း ကာလပေါ်တေးသီချင်း၊ မြန်မာ့မှုဟန်အက၊ ရိုးရာတူရိယာ၊ ဇာတ်သဘင်နှင့် ရုပ်စုံသဘင်တို့ အပါအဝင် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းလာသည့် တန်ဖိုးရှိသော အနုပညာအမွေအနှစ်များကိုလည်း ဆိုလိုကြောင်း၊ အထူးသဖြင့် ဇာတ်တော်ကြီးနှင့် ရုပ်စုံသဘင်တို့မှတစ်ဆင့် အကျိုးအကြောင်း အဆိုးအကောင်းနှင့် မင်္ဂလာတရားများကို သင်ယူနိုင်ကြောင်း။

ယင်းပြိုင်ပွဲကြီးများသည် အနုပညာဆိုင်ရာပြိုင်ပွဲဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှုကိုအခြေခံပြီး ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖော်ထုတ်ထိန်းသိမ်းသည့်ပွဲ၊ မျိုးဆက်သစ်အနုပညာရှင် မောင်နှမများ ပေါင်းကူးယှက်နွှယ်သည့်ပွဲ၊ တစ်နည်းအားဖြင့် တိုင်းရင်းသားသွေးချင်းညီအစ်ကို မောင်နှမများယဉ်ကျေးမှုနှင့် ချစ်ကြည်ရင်းနှီးမှု ပေါင်းစည်းသည့်ပွဲဟု ဆိုနိုင်ကြောင်း။

ယနေ့ခေတ် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများကြားတွင် နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖော်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း။ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရန်ဆိုပါက မျိုးဆက်သစ်လူငယ်များတွင် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးလေးစားတန်ဖိုးထားမှုများ ရှင်သန်ခိုင်မာနေရန်လိုအပ်ကြောင်း၊ ယင်းစိတ်ဓာတ်များကို အနုပညာစွမ်းပကားဖြင့် မြှင့်တင်ပေးနိုင်မည်ဆိုပါက ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအကျိုးကို ကာကွယ်စောင့်ရှောက်လိုစိတ်များ ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာ့သမိုင်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုနှင့် လူမှုကျင့်ဝတ်တန်ဖိုးများကို မျိုးဆက်သစ်လူငယ်များ သိရှိနားလည်ပြီး မြတ်နိုးထိန်းသိမ်းလာစေရန် လိုအပ်ကြောင်း၊ အလားတူ ဝါရင့်အနုပညာရှင်ကြီးများ၏ ပညာနှင့်အတွေ့အကြုံများကိုလည်း လူငယ်များထံ လက်ဆင့်ကမ်းပေးကြရမည်ဖြစ်ကြောင်း၊ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များသည် လက်တွေ့လေ့ကျင့်သင်ယူမှုနှင့် ဆရာတပည့် အစဉ်အလာကို အခြေခံသောကြောင့် ပညာရှင်ကြီးများ၏ သင်ကြားပြသမှုနှင့် လူငယ်များ၏ ကြိုးစားသင်ယူမှုတို့ပေါင်းစပ်မှသာ ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း မဟာဂီတ၊ ရိုးရာတူရိယာ၊ မြန်မာ့မှုဟန်အက၊ ဇာတ်သဘင်နှင့် ရုပ်စုံသဘင်တို့၏ တန်ဖိုးရှိသည့် အနုပညာလက်ရာများကို ခေတ်မီဒီဂျစ်တယ်နည်းပညာဖြင့် စနစ်တကျ မှတ်တမ်းတင်ထိန်းသိမ်းပြီး မျိုးဆက်သစ်များလေ့လာသင်ယူနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို အပြန်အလှန်လေးစားပြီး ပြည်ထောင်စု စည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ကြရန်၊ ခေတ်မီနည်းပညာများကို အကျိုးရှိရှိ အသုံးချပြီး မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်သမ္မတက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ စာမျက်နှာ ၅ သို့ »»»



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ရိုးရာရေအိုးရွက်အကအဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



ဒုတိယသမ္မတ ဦးညီစော ကချင်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲတွင် ပထမဆု ရရှိသည့် မောင်စောရန်နိုင်နှင့်အဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ကဗျာလွတ်အကပြိုင်ပွဲတွင် ဒုတိယဆု ရရှိသည့် မအိသဥ္ဇာမွန်နှင့်အဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဇင်ရီ အဆို(မဟာဂီတ)ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဦးရဲဝင့်လှိုင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး အဆို(မဟာဂီတ) ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရရှိသူ မမန်းအိဇင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အဆို (ခေတ်ဟောင်း/ကာလပေါ်)ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဦးအောင်စိုးမိုး(ခ) ဇေယျာအောင်စိုးမိုးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း အဆို (ခေတ်ဟောင်း/ကာလပေါ်) ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသူ မစုရတီအောင်(ခ) ဝိုင်းရတီအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင် သုဝဏ္ဏသာမရုပ်စုံသဘင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးကိုဦး အကဖြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)(အမျိုးသမီး)ပြိုင်ပွဲတွင် မနှင်းစန္ဒာဖြိုးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင် (ပထမတန်း) အဆင့်တွင် ပထမဆုရရှိသူ ဦးဝင်းမင်းဌေး(ခ) တက္ကသိုလ်အားမာန် အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး အတီး(စောင်း)ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသူ မောင်ကြည်သာဇိုလ် (ခ)ကြည်သာစိုးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

»»» စာမျက်နှာ ၄ မှ

တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ထို့နောက် "သယံဇာတပေါကြွယ်ဝသည့် ပြည်နယ်" ဟုအဓိပ္ပာယ်ရရှိသည့် ကချင်ပြည်နယ်၊ ကချင်ရိုးရာ "ဆွတ်ငိုင်မုန်း"အကဖြင့် ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့က ဖျော်ဖြေကပြ တင်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညီစောက ကချင်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲတွင် အထူးဆု၊ ပထမ၊ ဒုတိယ နှင့် တတိယဆုရရှိသည့် အဖွဲ့များကို လည်းကောင်း၊ ဒုတိယသမ္မတ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒေါ်နုန်းနီနီအေးက ကဗျာလွတ်အက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အဖွဲ့များကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးခင်ရီက အဆို(မဟာဂီတ) ပြိုင်ပွဲ ဝါသနာရှင် အဆင့်(ပထမတန်း)(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေးက အဆို(မဟာဂီတ) ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အဆို (ခေတ်ဟောင်း/ကာလပေါ်)ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား၊ အမျိုးသမီး)အဆင့်တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ စာမျက်နှာ ၆ သို့ »»»



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် အတီး(စန္ဒရား) ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဦးအာကာလင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် အတီး(ပတ္တလား) ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဒေါ်ချစ်ဆုဝေစတင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၉

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယသမ္မတ များဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသား လွှတ်တော်ဒုဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသား ညီအစ်ကိုမောင်နမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး ရည်မှန်းချက်ကို ဖော်ဆောင်ပေးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သဖြင့် ပါဝင်ကြိုးပမ်းခဲ့ကြသည့် အနုပညာရှင်ကြီးများနှင့် အကဲဖြတ် အဖွဲ့ဝင်များအားလုံး လည်း နိုင်ငံတော်အစိုးရနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူနေကြမည်ဟု ယုံကြည်ကြောင်း။

ယခု ကျင်းပပြီးစီးခဲ့သည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများ၏ ကြီးကြပ်ဆောင်ရွက်ပေးမှု၊ ပြိုင်ပွဲဝင်မျိုးဆက်သစ် အနုပညာရှင်လူငယ်များ၏ တက်တက်ကြွကြွကြိုးပမ်းအားထုတ် ပါဝင်ယှဉ်ပြိုင်မှုများကြောင့် မျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်ခဲ့သည်ကို တွေ့ရှိရကြောင်း။ ဆရာရှိမှ ကိုကြည့်မည် ဆိုပါကလည်း ရွှေတံဆိပ်ဆု ၁၉၅ ခု၊ ငွေတံဆိပ်ဆု ၁၆၇ ခု၊ ကြေးတံဆိပ်ဆု ၁၆၅ ခု၊ နှစ်သိမ့်ဆု နှစ်ခုနှင့် အထူးဆု နှစ်ခု စုစုပေါင်း ၅၃၁ ဆုအထိ တိုးမြှင့်ချီးမြှင့်နိုင်ခဲ့သောကြောင့် အားရကျေနပ်မှုဖြစ်ကြောင်း ကိုတွေ့ရှိရကြောင်း။

နိုင်ငံတော်အနေဖြင့် အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် အသွင်သဏ္ဌာန်ရော အနှစ်သာရပါပိုမိုပြီး အမျိုးသားရေးအမြတ်ယပြည့်ပြည့်ဝဝဖြင့် နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း၊ ပြိုင်ပွဲကြီး၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်စေရေးအတွက် ပညာရှင်ကြီးများအားလုံးက ပညာရပ်ဆိုင်ရာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့်အတွက် နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်ဂုဏ်ပြုသည်ကို အလေးအနက်ပြောကြားလိုကြောင်း။

စာမျက်နှာ ၇ သို့ ↓

»» စာမျက်နှာ ၅ မှ

ထို့နောက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများက ပြိုင်ပွဲဘာသာရပ်နှင့် အဆင့်အလိုက် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲတွင် အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့တွင် ပထမဆုရရှိခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကိုယ်စားပြု ပြိုင်ပွဲဝင်များက သီဆိုကပြတီးခတ် ဖျော်ဖြေတင်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆုချီးမြှင့်ပွဲ အခမ်းအနား အပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက အခမ်းအနား တက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆုတံဆိပ်ရရှိမှုများ အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ၁၅၁ ဆု၊ မန္တလေးတိုင်းဒေသကြီးမှ ၁၀၇ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၉ ဆု၊ မကွေးတိုင်းဒေသကြီးမှ ဆု ၃၀၊ ပဲခူးတိုင်းဒေသကြီးမှ ဆု ၄၀၊ မွန်ပြည်နယ်မှ ၃၄ ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၃ ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ ၂၉ ဆု၊ ကရင်ပြည်နယ်မှ ဆု ၂၀၊ ကယားပြည်နယ်မှ ၁၄ ဆု၊ ချင်းပြည်နယ်မှ ၁၁ ဆု၊ ကချင်ပြည်နယ်မှ ၉ ဆု၊ ရှမ်းပြည်နယ်မှ ၆ ဆုနှင့် ရခိုင်ပြည်နယ်မှ ၈ ဆုရရှိခဲ့ကြောင်း သိရသည်။ သတင်းစဉ်

> **ပြည်ထောင်စု ဝန်ကြီး ဦးတင်ဦးလွင် အတီး(နဲ့)ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဦးနေလင်း(ခ) နေဝင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။**



## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၂၉

ယနေ့မွန်းလွဲ ၁ နာရီ ၁၂ မိနစ် ၄၆ စက္ကန့်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်-အနောက်မြောက်ဘက် ၅၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အရှေ့တောင်ဘက် ၂၇ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၃၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၇၁ ဒီဂရီ၊ အနက် ၉၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M) အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ



## မိုင်းယောင်းမြို့နယ်၌ ပန်းအလှပြင်သင်တန်း ဖွင့်လှစ်သင်ကြား

**မိုင်းယောင်း အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် ဒေသခံပြည်သူများနှင့် အမျိုးသမီးများ မိသားစုအိုဝင်ငွေ ရရှိစေရန်နှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ပန်းအလှပြင်သင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာလ ဒုတိယပတ်တွင် ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ နှစ်ရက်ကြာ ဖွင့်လှစ်သည့် အဆိုပါသင်တန်းတွင် ပန်းစည်းအခြေခံနည်းလမ်းများဖြစ်သော လက်ကိုင်ပန်းစည်း၊ မွေးနေ့နှင့် အထိမ်းအမှတ်ပန်းစည်းများ ပြုလုပ်နည်း၊ ပန်းအလှဆင်ခြင်း အခြေခံဖြစ်သော အဓိကပန်းများ ရွေးချယ်အသုံးပြုနည်း၊ ခေတ်မီဒီဇိုင်းများဖြစ်သော မင်္ဂလာဆောင်ပွဲများ၊ အလှူပွဲများနှင့် အခမ်းအနားအမျိုးမျိုးတွင် ခေတ်မီပန်းအလှဆင်နည်းများ စသည့် အခြေခံနှင့် အဆင့်မြင့် နည်းပညာရပ်များကို စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပေးခဲ့သည်။

ဆက်လက်၍ အသက်မွေးဝမ်းကျောင်းရက်တိုသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ဒေသ တွင်းရှိ အမျိုးသမီးများနှင့် လူငယ် လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ရရှိစေကြောင်း သိရသည်။ **မိုင်းအောင်စော်လင်း**

✣ စာမျက်နှာ ၆ မှ

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်တွင် တင့်တယ်စွာ ရပ်တည်နိုင်ရေးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး တည်ဆောက်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း လိုအပ်သည့် မိမိတို့၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု အစဉ်အလာများ၊ လူမှုရေးကျင့်ဝတ်နှင့်တန်ဖိုးများ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖြင့်တင်ရေးတို့ကိုလည်း စနစ်တကျကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နှစ်စဉ် ကျင်းပပေးလျက်ရှိသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများလည်း ပါဝင်ကြောင်း။

၂၁ ရာစုခေတ်တွင် ဆက်သွယ်ရေးနှင့် နည်းပညာပေါင်းစပ်နိုင်မှုကြောင့် အင်တာနက်ကို ကောင်းစွာအသုံးပြုလာနိုင်သကဲ့သို့ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လွှမ်းမိုးမှုများသည် နယ်စည်းမခြားတိုးပွားလာနေကြောင်း၊ ယင်းအခြေအနေတွင် မျိုးဆက်သစ်လူငယ်များ၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်များ ခိုင်မာရှင်သန်နေစေရေး အနုပညာရှင်များနှင့် တာဝန်ရှိသူအားလုံးက ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**လူငယ်အချို့ ခေတ်ရေစီးကြောင်းနောက်ကို လိုက်ပါရင်း ရိုးရာယဉ်ကျေးမှု တန်ဖိုးများကို လျစ်လျူရှုလာနိုင်သည့် အတွက် ယင်းအခြေအနေကို ပေါ့ပေါ့ဆဆ မထားကြရန်** လိုအပ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ အောင်မြင်မှုကိုအခြေခံပြီး ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပိုမိုရှင်သန်ထွန်းကားလာစေရေး အနုပညာရှင်ကြီးများအနေဖြင့် မိမိတို့၏ အနုပညာစွမ်းအားဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ခဲ့ကြသည့် အကဲဖြတ်ပညာရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

အနုပညာရှင်ကြီး များ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းနေမှုသည် အနာဂတ် နိုင်ငံတော်အတွက် ထူးခြားကောင်းမွန်သည့် အစဉ်အလာများ ပင်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးများ၏ အကျိုးကျေးဇူးကြောင့်လည်း ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အနုပညာရှင်များ အများအပြား ပေါ်ထွန်းလာနေသည်မှာ အားရဖွယ်ရာဖြစ်ကြောင်း၊ ယင်းသည် ဝါရင့်သမ္မာရှင် အနုပညာရှင်ကြီးများထံမှ အနုပညာအမွေများကို လက်ဆင့်ကမ်းပေးအပ်နိုင်မည့် အမွေခံထိုက်သည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် ပြိုင်ပွဲကြီးကြပ်သူ ဝါရင့်သမ္မာရှင် အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ မျိုးဆက်သစ် အနုပညာရှင်များ အားလုံးနှင့် အနုပညာမျိုးဆက်အဆက်ဆက်အတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေပြီး နိုင်ငံနှင့် လူမျိုးအတွက်ပါ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနေသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်အောင်ကျင်းပပြီး ပြိုင်ပွဲကြီးများ၏ အကျိုးရလဒ်ကောင်းများ ကျယ်ပြန့်နက်ရှိုင်းစွာ တိုးပွားဖြစ်ထွန်းလာစေရေး ဝါရင့်သမ္မာရှင် အနုပညာရှင်ကြီးများ အနေဖြင့် မျိုးဆက်သစ်အနုပညာရှင်များအပေါ် သားသမီးများ သဖွယ် မေတ္တာထားပြီး အနုပညာအမွေ ဆက်လက်ဖြန့်ဝေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါဝင်ကူညီခဲ့ကြသည့် ဝါရင့်သမ္မာရှင် အနုပညာရှင်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများနှင့် ပါဝင်ဆောင်ရွက်သူအားလုံးကို ထပ်မံကျေးဇူးတင်ဂုဏ်ပြုလိုကြောင်း၊ လေးစားဂုဏ်ယူရသည့် ဝါရင့်သမ္မာရှင် အနုပညာရှင်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အသက်ရာကျော် ရှည်ကြပါစေကြောင်း၊ မိမိတို့ အသက်ထက်ဆုံး လေးစားမြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် မြန်မာ့ရိုးရာအနုပညာရပ်များ ရှေးရိုးအစဉ်အလာမပျက် ဆက်လက်ရှင်သန်ထွန်းကားနေစေရေး အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးနိုင်ကြပါစေကြောင်း၊ မြန်မာ့ရိုးရာ အနုပညာအမွေအနှစ်များ နောင်မျိုးဆက်များ အထိ ဆက်လက်ရှင်သန်ထွန်းကားပြီး မျိုးဆက်သစ် အနုပညာရှင်များ လည်း အဆက်မပြတ် ပေါ်ထွန်းလာကြပါစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စားဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဒေါ်ရွှေကူနန်းခွဲ့ခွဲ့၊ အကအကဲဖြတ် လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဒေါက်တာမောင်မောင်လတ်၊ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဦးစောဝင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများ ကိုယ်စား ရှမ်းပြည်နယ်မှ အုပ်ချုပ်သူတစ်ဦး၊ အခမ်းအနားမှူးများကိုယ်စား အခမ်းအနားမှူးတစ်ဦးနှင့် မြန်မာနိုင်ငံသဘင် အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင် များကိုယ်စား အကဲဖြတ်ပညာရှင် အလင်္ကာကျော်စွာ မြင်းမူမောင်နိုင်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနား တက်ရောက်လာကြသူများ၊ ပြိုင်ပွဲဝင်များနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ် အတွင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာ ဦးစီးဌာနမှ အနုပညာရှင်များ၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ကျေးလက်ရိုးရာအကအဖွဲ့များ၊ အနုပညာရှင်ကြီးများက တေးသံသာများဖြင့် သီဆို၊ ကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ကြရာတွင် ဝါရင့်တေးသံရှင် စည်သွဒေါ်ထားက အဆိုပြိုင်ပွဲ (ခေတ်ဟောင်း/ ကာလပေါ်) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မတီမ်ပန်းချီမိုးဆန်းနှင့် တွဲဖက်၍လည်း ကောင်း၊ ဝါရင့်တေးသံရှင် တက္ကသိုလ်လွဲလွဲက အဆိုပြိုင်ပွဲ (ခေတ်ဟောင်း/ ကာလပေါ်) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တွင် ပထမဆုရရှိခဲ့သည့် မသျှန်ယွန်းဖြူနှင့် တွဲဖက်၍လည်းကောင်း မျိုးဆက်သစ်များသို့ အနုပညာအမွေလက်ဆင့်ကမ်းကာ ပါဝင်သီဆို ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက်လက်ဆင့်ကမ်းအမွေအစီအစဉ်အဖြစ် အသက်(၆၈)နှစ်ရှိ သဘင်ပညာရှင်ကြီး ဦးချမ်းသာနှင့်အသက်(၆၂)နှစ်ရှိ သဘင်ပညာရှင်ကြီး ဒေါ်နန်းခင်မွေးတို့နှင့် အတူ လက်ဆင့်ကမ်းအမွေကို ဆက်ခံကြမည့် မျိုးဆက်သစ် လူငယ်များဖြစ်ကြသည့် သဘင်ပညာရှင် ရွှေတံဆိပ်များရှင် တက္ကသိုလ် အားမာန်နှင့် ဝင်းသပြေထွန်း (ယဉ်ကျေးမှု)၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အကပြိုင်ပွဲ ပထမဆုရ ကရင်ပြည်နယ်မှ မောင်မင်းကျဲဘဏ်ချမ်းနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အကပြိုင်ပွဲ ပထမဆုရ ရှမ်းပြည်နယ်မှ မချောစုထွေးတို့က ဂုဏ်ပြု ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတက အခမ်းအနား တက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ လက်ဆင့်ကမ်းအမွေ အစီအစဉ်ဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် လွှတ်တော်သို့ လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော် အဆောက်အအုံသဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုကဲ့သို့ လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့်အတွက် ဝမ်းမြောက်စွာ ဂုဏ်ယူကြိုဆိုပါကြောင်း၊ လွှတ်တော်များ၏ သက်တမ်းသည် နှစ်ယ်သေးသည့်အတွက် ပြည်သူများအနေဖြင့် လွှတ်တော်များ၏ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များအကြောင်းကို သိရှိသူနည်းပါးပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ယခုလို တွေ့ဆုံစဉ် လွှတ်တော်များ၏ဆောင်ရွက်ရသည့်လုပ်ငန်းတာဝန်များအကြောင်းကို အနည်းငယ်ပြောကြားလိုပါကြောင်း၊ လွှတ်တော်နှစ်ရပ်စနစ် ကျင့်သုံးသည့်နိုင်ငံဖြစ်ပြီး ပြည်ထောင်စုအဆင့်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လွှတ်တော်တစ်ရပ်စီရှိကြပါကြောင်း၊ အဆိုပါ လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားစီဆောင်ရွက်ရသော်လည်း ဥပဒေပြုခြင်း၊ အုပ်ချုပ်ရေးစနစ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်း စသည့် လုပ်ငန်းတာဝန်များတွင် တူညီကြပါကြောင်း။



မိမိတို့လွှတ်တော်များအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ဥပဒေ၏ အကာအကွယ် အောက်တွင် တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေရန် လက်ရှိတည်ဆဲဥပဒေများကို ခေတ်ကာလနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်ခြင်းဖြင့် ဥပဒေပြုတာဝန်ကိုလည်း ကောင်း၊ မိမိတို့မဏ္ဍိုင်ကြီး(၃)ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားလွှတ်လပ်စွာရပ်တည်ကြသော်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန် ထိန်းကျောင်းခြင်းတာဝန်ကိုလည်း ကောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင်း မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းဖြင့် ပြည်သူကို ကိုယ်စားပြုခြင်း တာဝန်ကိုလည်းကောင်း ဝသည်ဖြင့် အသီးသီးတာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ အဆိုပါတာဝန်များကို မိမိတို့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများက အဓိကဆောင်ရွက်လျက်ရှိကြပါကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ပညာရေးဏ္ဍာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မိမိတို့လွှတ်တော်အနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်များသည် ပြည်သူကို ကိုယ်စားပြုသည့် နေရာ၊ ပြည်သူ့အသံကို ဖော်ဆောင်ပေးသည့်နေရာဖြစ်၍ မိမိတို့ဒေသ၏ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း၊ ယနေ့ လွှတ်တော်သို့လာရောက်လေ့လာသည့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း စာကိုကြိုးစားသင်ယူပြီး အနာဂတ်တွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်မှ အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးပညာရှင်၊ ဥပဒေပညာရှင် နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရန် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ပညာရေးမြို့တင်မူကော်မတီဥက္ကဋ္ဌ ဒေါက်တာလှတင့်၊ ပြည်သူ့လွှတ်တော်သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းထွန်း၊ ဦးနှင့် အဖွဲ့ဝင် ဒေါက်တာကျော်ဆွေ၊ ခရမ်းမြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဝင်းဆွေ၊ ဦးအောင်သီဟနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော်ရေးရာဆောင် အဆောင်အမှတ်(၊-၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှင်းလင်းတင်ပြ

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ကာလများအတွင်း လွှတ်တော် ကိုယ်စားလှယ်များ တင်သွင်းခဲ့သည့် အဆိုနှင့်မေးခွန်းများအပေါ် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဖြေကြားချက်များ၊ ကတိကဝတ်များကို ကော်မတီအနေဖြင့် ပြန်လည်ဖော်ထုတ် စိစစ်ပြီး အဓိကအချက်များကို ဦးစားပေး ညှိနှိုင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်အစည်းအဝေးကာလများအတွင်း မေးမြန်းခဲ့သည့် မေးခွန်းများအနက် ကတိကဝတ် ဖြစ်ပေါ်ခဲ့သည့် တတိယပုံမှန် အစည်းအဝေး တွင် အတည်ပြုအဆိုတစ်ခုနှင့် ကြယ်ပွင့်ပြကတိဖြစ် မေးခွန်း ၉၇ ခု၊ ဒုတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မေး တိုက်ဖြစ်မေးခွန်း ၂၅၆ ခုနှင့် တတိယပုံမှန်အစည်း အဝေးတွင် ကြယ်ပွင့်မပြကတိဖြစ် မေးခွန်း ၈၀ စုစုပေါင်း ၄၃၄ ခု ရှိသည့်အနက် တိကျရှင်းလင်း သည့် အဓိကအချက်များကို ဦးစားပေး ပေါင်းစပ်ညှိနှိုင်းသွား မည်ဖြစ်ကြောင်း။ ကော်မတီအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု အကြား အစိုးရအဖွဲ့မှဆောင်ရွက် ပေးနေသည့် ကိစ္စရပ်များအပေါ် ပြည်သူလူထု၏ ယုံကြည်မှုရရှိစေရေးနှင့် ပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းစေရေးအတွက် စိစစ်ကြပ်မတ် တင်ပြပေးခြင်းဖြစ်ပြီး မရှင်းလင်းသည့် ကိစ္စရပ်များကို သေချာစွာ ညှိနှိုင်းဆွေးနွေးကြရန်နှင့် တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

တက်ရောက်

ထို့နောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက လွှတ်တော် အစည်းအဝေးများအတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့် ပတ်သက်၍ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းကြပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး၊ ဆောင်ရွက်မှု အခြေအနေများကို တိကျမှန်ကန်စွာ တင်ပြနိုင်ရေးနှင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက်စေရေးတို့အတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အတူ အတွင်းရေးမှူး ဦးသန်းထွန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

မောက်မယ် အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်လုံးဆိုင်ရာ သာသနာ့အကျိုးတော်ဆောင် အဖွဲ့ကကြီးမှူး၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါကျွတ်ကာလ မြို့လုံးကျွတ်သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက် ဂုနာရီက နန်းဖတ်ခုမ်စေတီတော်ကျောင်းမှ ပရိယတ္တိပါဒကကျောင်းကြီးစာသင်တိုက်အထိ ဗိုလ်ချုပ်အောင်ဆန်း လမ်းမတစ်လျှောက် တွင် ကျင်းပသည်။

အဆိုပါ ဝါကျွတ်ဆွမ်းဆန်းတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပွဲတွင် မြို့နယ်စုပေါင်း ရုံးရှေ့၌ ဌာနဆိုင်ရာများနှင့်လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက မြို့ပေါ်ရှိ ဘုန်းကြီးကျောင်း ၁၅ ကျောင်းနှင့် ကျေးရွာအုပ်စုရှိ ဘုန်းကြီးကျောင်း ရှစ်ကျောင်းမှ မြို့နယ်အတွင်းရှိ မြို့နယ်သံဃာနာယက ဥက္ကဋ္ဌ ဆရာတော်နှင့် ရဟန်းသံဃာတော် ၂၀၀ ပါးခန့်တို့ အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စေတနာသဒ္ဓါ တရားအားထက်သန်စွာ လောင်းလှူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

အနာဂတ်ဘဝ
လုံခြုံစိတ်ချစေဖို့
အမြဲကိုလျှော်ချကြပါနို့။

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ဗရဲညို လာဇာရိအား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးမူဘောင် အောက်တွင် နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ၊ အထူးသဖြင့် ပူးပေါင်းဆောင်ရွက်မှုယန္တရားများ ပိုမိုခိုင်မာစေရေးနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထိုပြင် အာဆီယံမူဘောင်အောက်တွင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ ပြန်လည်ထိန်းသိမ်းနိုင်မည့် နည်းလမ်းများ၊ မကြာမီကျင်းပမည့် (၄၉) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရ၏ “တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး” နှင့် “နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး” အတွက် ဦးစားပေးရည်မှန်းချက် နှစ်ရပ်ထားရှိကာ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများ၊ ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ ပြည်ပမှ လက်ခံရရှိသည့် လူသားချင်းစာနာမှုအကူအညီများအပြင် အစိုးရအနေဖြင့် မိမိတို့၏ အရင်းအမြစ်များကို အသုံးပြု၍ ပြည်သူများအတွက် ကူညီပံ့ပိုးပေးနေမှုများ၊ ပြည်တွင်းရှိ ပြည်သူများနှင့် ပြည်ပရှိ မြန်မာနိုင်ငံသားများကို ကူညီစောင့်ရှောက် ပေးမှုများနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်း ပြောကြားခဲ့သည်။

ထိုပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အနေဖြင့် တာဝန်သိအဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံ မူဘောင်အောက်တွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့် ပတ်သက်၍ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ အစိုးရ၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အလေးထားပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့လာရောက်သည့် နောက်ဆုံးခရီးစဉ်အတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ အကူအညီ လိုအပ်သူများထံသို့ အကူအညီပေးအပ်ရေးလုပ်ငန်းစဉ်များကို လေ့လာကြည့်ရှုခွင့်ရသည့် အတွက် ဝမ်းမြောက်ကြောင်း၊ ယခုခရီးစဉ်အတွင်း လေ့လာသိရှိခဲ့ရမှုများကို မကြာမီကျင်းပမည့် (၄၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများကို ပြန်လည်ဖော်ဆောင်နိုင်မည့် မြန်မာဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန်နှင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီများ ပိုမိုပေးအပ်နိုင်ရန်အတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက နှစ်နိုင်ငံ မူဘောင်အောက်တွင် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ MGallery Sofitel ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၉

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ အတွက် နှစ်နိုင်ငံရေးထိုးထားသည့် Roadmapကိုလက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ယမန်နေ့ မွန်းလွဲပိုင်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် နှင့်အဖွဲ့သည် ဘယ်လာရုစ် သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။



တွေ့ဆုံစဉ် ဘယ်လာရုစ် သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးက မိမိတို့နိုင်ငံတွင် နျူကလီးယားနှင့် သဘာဝဓာတ်ငွေ့ နှစ်မျိုးမှ လျှပ်စစ်ဓာတ်အား အဓိကထုတ်လုပ်ကြောင်း၊ နျူကလီးယားဓာတ်အား ပေးစက်ရုံနှင့်စပ်လျဉ်း၍ အတွေ့အကြုံများစွာရှိကြောင်း၊ သဘာဝဓာတ်ငွေ့ကို ရုရှားနိုင်ငံမှ ဝယ်ယူသုံးစွဲနေရသဖြင့် ရှာဖွေထုတ်လုပ်ရေးပိုင်းတွင် အတွေ့အကြုံမရှိသော်လည်း သဘာဝဓာတ်ငွေ့ ပို့လွှတ်ဖြန့်ဖြူးမှုနှင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးမှုတို့တွင် မိမိတို့အနေဖြင့် အကောင်းဆုံးသော နည်းပညာများရှိပြီး ဖြစ်သဖြင့် လေလွှင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ကြောင်း၊ မိမိတို့ အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောကြားသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးက နျူကလီးယားဓာတ်အားပေးစက်ရုံ လည်ပတ်နိုင်ရန်အတွက် ပရော်ဖက်ရှင်နယ် ကျွမ်းကျင်လုပ်သားများနှင့် အင်ဂျင်နီယာများအား လေ့ကျင့်ပေးနိုင်ရေးသည် အရေးကြီးကြောင်း၊ ဘယ်လာရုစ် သမ္မတနိုင်ငံ၏ ဓာတ်အားပေးစက်ရုံများသို့ On Job Training စေလွှတ်သွားလိုကြောင်း၊ မကြာမီ အချိန်တွင် မြန်မာနိုင်ငံ၌ ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစနစ်ကို စတင်အသုံးပြုတော့မည်ဖြစ်သည့် အတွက် ပို့လွှတ်ရေးနှင့် စောင့်ကြည့် ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ပိုမိုစနစ်ကျနိုင်ရန်အတွက် ကျွမ်းကျင်သော အင်ဂျင်နီယာများ စေလွှတ်၍ လုပ်ငန်းခွင် လက်တွေ့သင်တန်းများ သင်ကြားပေးစေလိုကြောင်း၊ မဟာဓာတ်အားလိုင်းများ အပါအဝင် ဓာတ်အားလိုင်းများနှင့် Switchyard များ၊ Transformer များတွင် နည်းပညာဆိုင်ရာ ဓာတ်အားလေလွင့်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ မိမိတို့အသုံးပြုနေသည့် သက်တမ်းကြာမြင့်နေပြီဖြစ်သော High Tension ကေဘယ်ကြိုးများကို ဘယ်လာရုစ် သမ္မတနိုင်ငံမှ ထုတ်လုပ်သည့် လျှပ်ကူးမှုပိုမို ကောင်းမွန်ပြီး ကြံ့ခိုင်မှုကောင်းသည့် Composite ကေဘယ်များဖြင့် အစားထိုးလဲလှယ် အသုံးပြုသွားရန် စိတ်ဝင်စားကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့ ဆုံးရှုံးလေလွင့်မှုများ လျှော့ချနိုင်ရေးအတွက် အမြန်ဆုံး ပူးပေါင်း ဆောင်ရွက်သွားလို ကြောင်း၊ ဓာတ်မြေဩဇာစက်ရုံများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများကိုလည်း ပူးပေါင်း ဆောင်ရွက်သွား လိုပါကြောင်း ပြောကြားပြီး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အဖြေရှင်းဖလှယ် ဆွေးနွေးကြသည်။

အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင့်စ်မြို့ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကဏ္ဍတွင် အသုံးပြုသည့် ထရန်စဖော်မာများ ထုတ်လုပ်သည့် စက်ရုံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်အားဖြန့်ဖြူးသည့် ကွန်ရက်များအား Design ပြုလုပ်သည့်ဌာန၊ လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့ ပို့လွှတ်ဖြန့်ဖြူးနေသည့် Control Center များ၊ လျှပ်စစ် ကေဘယ်ကြိုးများ ထုတ်လုပ်သည့်လုပ်ငန်းများနှင့် ရေနံဓာတုဗေဒလုပ်ငန်းတို့ကို သွားရောက်လေ့လာကြည့်ရှုကြကြောင်း သိရသည်။

သတင်းစဉ်

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော၊ မော်တော်ယာဉ်များ စစ်ဆေး

ပခုက္ကူ အောက်တိုဘာ ၂၉

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ အဝေးပြေးကားကြီးကွင်း၌ အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပြီး မော်တော်ယာဉ်လိုင်းများအား သတ်မှတ်ချက်နှင့်အညီ ပြေးဆွဲနေမှု ရှိ၊ မရှိ စစ်ဆေးကြသည်။

ပထမဦးစွာ ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဦးက ၂၀၂၂ ခုနှစ် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများ၊ နှစ်အလိုက် ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများ အကြောင်း၊ အမှတ်(၁၇)ယာဉ်ထိန်း ရဲတပ်ဖွဲ့စု(ပခုက္ကူခရိုင်)မှ တပ်ဖွဲ့ စုမှူး ဒုတိယရဲမှူးကျော်မိုးလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ ဥပဒေများအကြောင်း တို့ကို အသိပညာပေး ဟောပြောကြရာ မော်တော်ယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီ တာဝန်ရှိသူများ၊ ယာဉ်လိုင်းပိုင်ရှင်များ၊ ယာဉ်မောင်းနှင့် အလုပ်သမားများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက အဝေးပြေးထွက်ခွာမည့် မော်တော်ယာဉ်လိုင်းများအလိုက် သက်တမ်းကျန်ရှိမှု ရှိ၊ မရှိ၊ ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ကောင်းမွန်မှု ရှိ၊ မရှိ၊ အရေးပေါ်မီးငြိမ်းသတ်ပစ္စည်းနှင့် မီးသတ်ဆေးဘူးများ ကောင်းမွန်မှု ရှိ၊ မရှိ၊ မူးယစ်ဆေးဝါးသုံးစွဲထားမှု ရှိ၊ မရှိ အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(၃၄၀)

# သံယာတော်များအား UID ကတ်များ ဆောင်ရွက်ပေးလျက်ရှိ

မိုင်းပျဉ်း အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်တွင် သံဃာတော်များအား Biometric ကောက်ယူ၍ UID ကတ်ပြားများ ထုတ်ပေး ခြင်းကို အောက် တို ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ပေးခဲ့သည်။

ထို သို့ ဆောင်ရွက်ရာ၌ မိုင်းပျဉ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထိန်လင်းနှင့် ဝန်ထမ်းများက မိုင်းပျဉ်း မြို့ မြို့ပေါ်နှင့်ကျေးရွာ ဗုဒ္ဓသာသနာပြုကျောင်းများမှ ဝါဆိုသံဃာ စာရင်းတွင်ပါရှိသော ရဟန်း၊ သာမဏေများအား Biometric ကောက်ယူ၍ UID ကတ်ပြားများ ထုတ်ယူဆက်ကပ်ပေးခဲ့ကြသည်။

အဆိုပါ UID ကတ်ပြားများ ဆောင်ရွက်ပေးခြင်းကို ရဟန်း၊ သာမဏော ကျန်ရှိခဲ့မှု မရှိစေရေး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထိန်လင်းနှင့် သာသနာရေး ဦးစီးမှူး ဦးကျော်မင်းဦးတို့က ကြီးကြပ်ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

o–o–o–o–o

# မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ကြည်ညိုလောင်းလှူ



**မန္တလေး၊ အောက်တိုဘာ ၂၉**

မန္တလေး ရတနာပုံမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင်ဘဝရှင် မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား၏ (၁၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲအခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်ကြီးအတွင်း ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးမြို့လေးပြင်လေးရပ်မှ ပင့်သံဃာတော်အပါး (၂၅၇၀)ပါး၊ သီလရှင် (၂၅၇၀)ပါးတို့အား လောင်းလှူခဲ့ကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုလောင်းလှူကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရားကို ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းများ ကပ်လှူပူဇော်ပြီးနောက် အလှူရှင်များနှင့် အတူ ဆွမ်းသပိတ်များ၊ နဝကမ္မဝတ္ထုဌေများနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း၊ အလှူရှင်များ ဆက်ကပ်လောင်းလှူနေမှုကို လှည့်လည်ကြည့်ရှုကြည်ညိုခဲ့ကြကြောင်းနှင့် ရေစက်သွန်းချမင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၃/၂၀၂၆)အစည်းအဝေးသို့ တက်ရောက်

**မန္တလေး၊ အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၃/၂၀၂၆)အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဆက်စပ် MSME လုပ်ငန်းများ၊ စက်မှုကဏ္ဍနှင့်ထုတ်လုပ်မှုနည်းပညာ၊ ဆိုလာဖြင့်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်း လျှပ်စစ်ကဏ္ဍ၊ ဒီဂျစ်တယ်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသော အိုင်တီနှင့် ဆက်စပ်လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများစသည့် ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍများကို မြှင့်တင်ဆောင်ရွက်၍ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အလေးထားဖိတ်ခေါ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တင်ပြလျှောက်ထားလာမှုများအပေါ် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်ဆန်စွာ စိစစ်ခွင့်ပြုချထားပေးလျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်အောင် အားလုံးကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းတို့နှင့်ပတ်သက်၍ အတည်ပြုမိန့် တင်ပြလာခြင်း၊ တိုးမြှင့်ခွင့်ပြုရန် တင်ပြလာခြင်း လျှောက်ထားလာမှုများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြခဲ့ကြသည်။

ဌင်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နေဗီယာမြက်စိုက်ခင်းကွင်း သရုပ်ပြ

**မော်လိုက် အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့၌ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေဗီယာမြက်စိုက်ခင်းနှင့် နွားနို့ထုတ်လုပ်မှု ကွင်းဆင်းသရုပ်ပြပွဲအား ယမန်နေ့ နံနက် ၈ နာရီက မြို့မ(၂)အုပ်စု၊ အောင်သာယာရပ် မွေးမြူရေးလုပ်ငန်းရှင် ဦးမောင်မောင်၏ နွားမွေးမြူရေးခြံတွင် ပြုလုပ်ခဲ့သည်။

အဆိုပါသရုပ်ပြပွဲတွင် မွေးမြူရေးလုပ်ငန်းရှင်က နွားခြံရှိ နွားများမှ နို့ထုတ်လုပ်မှုအားလည်းကောင်း၊ နေဗီယာမြက်စိုက်ခင်း စိုက်ပျိုးထားရှိမှုအားလည်းကောင်း၊ နေဗီယာမြက်များအား နွားစာအတွက် စက်ဖြင့် ဆောင်ရွက်မှုအားလည်းကောင်း အသီးသီး ရှင်းလင်း၍ သရုပ်ပြသခဲ့ကြသည်။

အဆိုပါသရုပ်ပြပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် ကော်မတီအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ဝဲပို့)**

**မြို့နယ်(ပြန်/ဆက်)**





# (၄၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ၊ ကျန်းမာရေးဌေးပဒေသာပင်များ လှူဒါန်း

**မန္တလေး၊ အောက်တိုဘာ ၂၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၄လမ်းနှင့် ၈၁လမ်းထောင့်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (၄၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၆ ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက် ၉ နာရီက အဆိုပါကျောင်း အောင်ရာဇာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကန်တော့ခံဆရာ၊ ဆရာမကြီးများ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြကာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောင်းသားဟောင်းများက ဆရာ၊ ဆရာမကြီးများအား လက်အုပ်ချီမိုးကန်တော့ကြပြီး ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။ ထို့နောက် ကန်တော့ခံဆရာ၊ ဆရာမကြီးများက ဆုပေးစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ ကန်တော့ခံဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှု ငွေပဒေသာပင်များကို ကျောင်းသားဟောင်းများက လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပို့)(၀၄၅)**

# အမရပူရခရိုင်၊ အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်အပ်သော ရတနာပုဏ္ဏဝရဒါဋ္ဌာဓာတုစေတီယစွယ်တော်မြတ်စေတီတော်(မန္တလေး)ရင်ပြင်တော်တွင် ဆလိုက်မီးများ တပ်ဆင်လျှဒါန်းခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၉**

အမရပူရခရိုင် အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်အပ်သော ရတနာပုဏ္ဏဝရဒါဋ္ဌာဓာတုစေတီယစွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ လှူဒါန်းပြီး၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်းမှ ကူညီဆောင်ရွက်ခဲ့သည့် ဆလိုက်မီးများ တပ်ဆင်လှူဒါန်းခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက စွယ်တော်မြတ်စေတီတော်(မန္တလေး)ရင်ပြင်တော်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ ဝန်ကြီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping နှင့်တာဝန်ရှိသူများ၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက စွယ်တော်မြတ်စေတီတော် ဗုဒ္ဓရုပ်ပွားတော်နှင့် စွယ်တော်မြတ်တို့အား ဖူးမြော်ကြည်ညိုကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားရာတွင် ယခုအခမ်းအနားသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်ပြည်ထောင်ချစ်ကြည်ရင်းနှီးမှု၊ အေးအတူပူအမျှအတူတကွ လက်တွဲဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာစေရန်၊ နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရေးပိုမိုခိုင်မြဲစေရန် အထောက်အကူပြုလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၄င်းနောက် မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်က လူဒါန်းရခြင်းရည်ရွယ်ချက်များနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားတို့ကို ပြောကြားပြီးနောက် ကောင်စစ်ဝန်ချုပ်က ဆလိုက်မီးတပ်ဆင်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံ၍ ကောင်စစ်ဝန်ချုပ်နှင့် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်းဥက္ကဋ္ဌတို့အား ဂုဏ်ပြမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။




ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တရုတ်ကောင်စစ်ဝန်ချုပ်တို့က ကမ္ဘည်းကျောက်စာအား ဖွင့်လှစ်ပေးရ၍ အမွေးနုံသာရည်များ ပက်ဖျန်းပေးခဲ့ကြောင်းနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း၊ ယခုဆလိုက်မီးများ တပ်ဆင်လှူဒါန်းမှုမှာ စုစုပေါင်းငွေကျပ် ၁၅၀၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် (အမျိုးသား)ပူဆယ်ပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၉**

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈) နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၏(အမျိုးသား)ဖူဆယ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအား ကစားကွင်း Multipurpose Stadium ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများနှင့်တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ ဗိုလ်လုပွဲယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပထမဆုရရှိသည့် အသင်းအား တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးမှူးက ဆုတံဆိပ်များနှင့် ဂုဏ်ပြဆုငွေများ၊ တိုင်းဒေသကြီး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒုတိယဆု၊ တတိယဆုနှင့် စတုတ္ထဆု ရရှိသည့်အသင်းများကို ဂုဏ်ပြဆုငွေများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**



**(မန္တလေးနေ့စဉ်-၄)**

**o-o-o-o-o**

**o-o-o**

## စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

**ချောက် အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၌ အယ်လ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်နှင့် တံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ ရပ်ကွက်များရှိ စက်သုံးဆီရောင်းချသောဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးဆောင်ရွက်ခြင်းကို ယမန်နေ့ညနေ ၄ နာရီက ချောက်မြို့ပေါ်ရပ်ကွက်များရှိ သုခအောင်၊ လဝန်းသာ၊ DENKO စက်သုံးဆီအရောင်းဆိုင်များအား စစ်ဆေးကြောင်း သိရသည်။



## မိုင်းယောင်းမြို့၌ တစ်နှစ်လျှင် တစ်ရက်သာကျင်းပသည့် နတ်ပွဲ(ခေါ်)နတ်စျေးနေ့တွင် လာရောက်လည်ပတ်သူများဖြင့် စည်ကား

**မိုင်းယောင်း အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့၌ အောက်တိုဘာ ၂၈ ရက်က တစ်နှစ်လျှင် တစ်ရက်သာ ကျင်းပသည့် နတ်ပွဲ(ခေါ်)နတ်စျေးနေ့တွင် ဒေသနေတိုင်းရင်းသားများနှင့် ရပ်ဝေး၊ ရပ်နီးမှ လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နတ်ပွဲ(ခေါ်)နတ်စျေးနေ့တွင် ဒေသနေတိုင်းရင်းသားပြည်သူများက အမှတ်(၃)ရပ်ကွက် မြို့နယ်နတ်နန်းရှိ မြို့စောင့်နတ်အား ဒေသရိုးရာခေလေ့ထုံးတမ်းနှင့်အညီ သွားရောက်ပူဇော်ပသကြခြင်း၊ ဌာနေရှမ်းအဆို တော်များက "ကမ်ခပ်" သီချင်းဖြင့် သီဆိုဖျော်ဖြေပေးခြင်း၊ နတ်ဆင်းပြီး ဆန်ရေစပါး ပေါများကြွယ်ဝရေး အတွက် စောင့်ရှောက်ကူညီမှုများ နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ ပြောပြပေးခြင်းကို ယခုနှစ်တွင်လည်း မိုင်းယောင်းမြို့၏ ရိုးရာအစဉ်အလာမပြတ် ကျင်းပခဲ့သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ထူးခြားသော ဤပွဲတော်သည် ရွေးယခင်ကတည်းက တန်ဖိုးထား ထိန်းသိမ်းလာခဲ့သည့် ရှမ်းရိုးရာယဉ်ကျေးမှုနှင့် ယုံကြည်ကိုးကွယ်မှု ဓလေ့တစ်ခုဖြစ်ကာ တစ်နှစ်တွင် တစ်ကြိမ်သာ ကြုံကြိုက်ရသည့် ရိုးရာပွဲတော်ဖြစ်သဖြင့် ဒေသခံများက မိမိတို့၏ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ္တရပ်နား၍ စုပေါင်းဆုံတွေ့ကြပြီး တစ်နှစ်တာအတွင်း ဒေသထွက် ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံကို လာရောက်ရောင်းချကြသလို ပွဲတော်ရက်အတွင်း နယ်ဝေး၊ နယ်နီးမှ ဘုရားဖူးများနှင့် စျေးရောင်း၊ စျေးဝယ်သူများ၊ လာရောက်လည်ပတ်သူများဖြင့် ကြက်ပျံမကျ စည်ကားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နန်းပန်(ပြန်/ဆက်)**



ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်ကြီးကြပ်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးသိန်းဇော်ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထက်အောင်နိုင်တို့က စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ထားသည့် မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများထားရှိခြင်း ရှိ၊ မရှိ၊ မီးငြိမ်းသတ်ရေးပစ္စည်းများ ကောင်းမွန်မှု ရှိ၊ မရှိ၊ အပေါ့စားမီးငြိမ်းသတ်စက်များ အသုံးပြုနိုင်ခြင်း ရှိ၊ မရှိ၊ ရေသိုလှောင်ကန်များ၌ ရေများဖြည့်တင်းထားရှိမှုရှိစေရေးနှင့် လျှပ်စစ်မိန်းခုံနှင့် လျှပ်စစ်မီးကြိုးများ ကြံခိုင်မှုရှိစေရေး၊ မီးလောင်မှု၊ မီးလန့်မှု မရှိစေရေးအတွက် စစ်ဆေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



## (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အကြို စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**မြင်းခြံ အောက်တိုဘာ ၂၉**

နိုဝင်ဘာ ၇ ရက်တွင် ကျောက်မည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အကြိုအဖြစ် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွဋ်တို့က ကြည့်ရှုအာပေးခဲ့ကြပြီး အားဖြည့်အချိုရည်များနှင့် အာဟာရဖြည့်ဆွတ် အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွဋ်တို့က ကြည့်ရှုအာပေးခဲ့ကြပြီး အားဖြည့်အချိုရည်များနှင့် အာဟာရဖြည့်ဆွတ် အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ချစ်ဦးနွေ(မြင်းခြံ)**

*–*–*–*–*–*

## လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ(သက်တန့်ရောင်စီမံကိန်း)မှ စပါး၊ ကြက်သွန်နီစိုက် သမဝါယမအသင်းသားတောင်သူများထံသို့ သွင်းအားစုပေးအပ်

**မြစ်သား အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် သမဝါယမဦးစီးဌာနမှ တိုင်းပြည်စားနပ်ရိက္ခာပေါများလာစေရန်၊ သွင်းအားစုများထုတ်ပေးခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းရရှိပြီး ဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ(သက်တန့်ရောင်စီမံကိန်း)မှ စပါးနှင့် ကြက်သွန်နီ စိုက်သမဝါယမအသင်းသားတောင်သူများထံသို့ သွင်းအားစုပေးအပ်ပွဲကို အောက်တိုဘာ ၂၇ ရက်က မြို့ကုန်းကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက မျိုး၊ မြေ၊ ရေ၊ နည်းပညာများ စနစ်တကျ စိုက်ပျိုးနိုင်ရေး ဆွေးနွေးပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါစန္ဒီဝင်းက လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ (သက်တန့်ရောင်စီမံကိန်း)မှ သွင်းအားစုပေးအပ်ပွဲ



ကျင်းပရခြင်း ရည်ရွယ်ချက်များ ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန မှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ(သက်တန့်ရောင်စီမံကိန်း)မှ စပါး၊ ကြက်သွန်နီစိုက်ပျိုးသော သမဝါယမအသင်းသားတောင်သူ ဧဝဦးအတွက် ၁၉ ဒသမ ၆၃၅ သန်းနှင့်ညီမျှသောသွင်းအားစုများကို လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

သွင်းအားစုပေးအပ်ပွဲသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် အမှတ်(၁) ကိုယ်စားလှယ် ဦးသန်းဦး၊ တိုင်းဒေသကြီးလွှတ်တော်အမှတ်(၂) ကိုယ်စားလှယ် ဒေါသီသီကျော် (ကျောက်ဆည်)၊ မြို့နယ်အဆင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါစန္ဒီဝင်းနှင့် ဝန်ထမ်းများ၊ စပါးနှင့် ကြက်သွန်နီစိုက် သမဝါယမအသင်းသားတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**ဝါဝါမြင့်(မြစ်သား)**

*–*–*–*–*–*

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**မတ္တရာ အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီ ကကျောက်စရစ်ကုန်း(တောင်)ကျေးရွာခမ္မာရုံ၌ ကျင်းပခဲ့သည်။

ရေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဝင်းထွေးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းက အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါမေသူမြင့်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဝင်းထွေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ တင်အောင်ကျော်၊ မြို့နယ်ပညာရေးမှူး ဒေါအိအိခင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါအေးအေးနွယ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသန်းထွန်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သိဟစိုး၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါမြတ်သီတာ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထက်အောင်၊ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လက်ထောက် မန်နေဂျာ ဦးဝင်းထိန်၊ ကျေးလက်လမ်းဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါခွာညီဇင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါမေသူမြင့်တို့မှ ဌာနအလိုက် ဆောင်ရွက်နေသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည် ဖြေကြားပေးခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**ရွှေရာသား**

*–*–*–*–*–*

## ပိုးရာသီ၌ စားပိုဆောင်သီးနှံများ စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**တံတားဦး အောက်တိုဘာ ၂၉**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ဒေသခံတောင်သူများသည် တောင်သူလုပ်ငန်းကို အဓိကထား စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ မိုးရာသီကာလတွင် မိသားစုအပိုဝင်ငွေရရှိရေးအတွက် စားဖိုဆောင်သီးနှံများကို တစ်နှိုင်းတစ်ပိုင် လုပ်ကိုင်လာကြသည်။

စားဖိုဆောင်သီးနှံများကို မိမိတို့အိမ်ခြံမြေများနှင့် ယာလုပ်ငန်းများတွင် မိုးရွာသွန်းသည့် အချိန်တွင် ငရုတ်၊ သခွား၊ ခဲဝဲ၊ ရွေဖရုံ၊ ချဉ်ပေါင်၊ ရုံးပတီများကို သဘာဝအော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးထားသည့်အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့်အပြင် ဒေသခံပြည်သူများ အများဆုံး နှစ်သက်ကြပြီး မိသားစုထမင်းဝိုင်းတွင် မရှိမဖြစ် စားသုံးကြသည့် သီးနှံဖြစ်ကြောင်း၊ စားဖိုဆောင်သီးနှံများ စိုက်ပျိုးသည့် အချိန်တွင် တောင်သူအများစုမှာ ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံများရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့်လည်း နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း စားဖိုဆောင်သီးနှံများ ရောင်းချသည့် ဒေသခံပြည်သူများအနေဖြင့် တစ်ရက်လျှင် ငွေကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ အထိ ရရှိသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၀၉)**



## စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၈,၆၉၅ ဖြင့် စားအုန်းဆီများရောင်းချပေး

**ကျောက်ဆည် အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိပြည်သူများ စားသုံးဆီအခက်အခဲမရှိရေး ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ စားအုန်းဆီများအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် အပတ်စဉ်ရောင်းချပေးလျက်ရှိရာ ယခုပတ်တွင် ရပ်ကွက် နှစ်ရပ်ကွက်နှင့် ကျေးရွာ ခုနစ်ရွာမှ ပြည်သူများအား စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၈,၆၉၅ ဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာ၌ အိမ်ထောင်စုတစ်စုအတွက် စားအုန်းဆီ ၂ ပိဿာ ၅၀ ကျပ်သားနှုန်းဖြင့် ဒေါအိအိမိုး(နေလသုခ-၂) ဆီအရောင်းဆိုင်မှ ရပ်ကွက်ပြည်သူများအား စားအုန်းဆီ ပိဿာ ၉၉၀၊ ဒေါသီတာ(စစ်ငြိမ်း)ဆိုင်မှ ကြောင်ကျေးရွာပြည်သူများအား ပိဿာ ၃၃၀၊ ဒေါကေဇာခိုင်(ဗိုလ်တစ်ထောင်)ဆိုင်မှ တံလုံကျေးရွာ ပြည်သူများအား ပိဿာ ၁၁၀ နှင့် အေးမြကြည်လင်ရပ်ကွက် ပြည်သူများအား ပိဿာ ၂၂၀၊ ဦးနန်းဦး(နဒီဇရာ)ဆိုင်မှ ရေချဉ်၊ တောင်တော်ပြည်သူများအား ပိဿာ ၁၁၀၀၊ ဦးအေးမင်းဝိုး(အေးချမ်းသူ)ဆိုင်မှ ပေါင်လောင်ကြီး၊ မဒုမ္မာ၊ ပြည်တော်သာကျေးရွာ ပြည်သူများအား စားအုန်းဆီ ပိဿာ ၂၂၀ အသီးသီး ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ထက်ထက်(ကျောက်ဆည်)**

တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန်သစ်ပင်ရံမှ
သဏ္ဌာန်လှပပန်ရလိမ့်။

# တိုင်းနှင့်ပြည်နယ် ဂူရှူးပြိုင်ပွဲအတွက် လူရွေးချယ်ပွဲ ကျင်းပ



မန္တလေး အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး တိုင်းနှင့်ပြည်နယ် ဂူရှူးပြိုင်ပွဲအတွက် လူရွေးချယ်ပွဲဖွင့်ပွဲကို ယနေ့ နံနက်၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ဗထူးအားကစားကွင်း မိုးလုံလေလုံအားကစားရုံတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဂူရှူးဆပ်ကော်မတီအတွင်းရေးမှူး ဦးကျော်အေး(နည်းပြချုပ်)၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်စည်သူနှင့် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် မိဘများ တက်ရောက်ကြသည်။

ရွေးဦးစွာ ဆပ်ကော်မတီအတွင်းရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ဂူရှူး(ထောက်လှ) အတန်းလိုက် ပြိုင်ပွဲများကို အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

အောက်တိုဘာ ၃၀ ရက်တွင် ပြိုင်ပွဲများနှင့် ဆုပေးပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝံပုံ)

(မန္တလေးနေ့စဉ်-၃)

# ဟောင်ကောင်တက္ကသိုလ်များတွင် ပညာသင်ကြားရန် Belt and Road ပညာသင်ဆု လျှောက်ထားနိုင်

မန္တလေး အောက်တိုဘာ ၂၉

တရုတ်နိုင်ငံ၊ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသရှိ တက္ကသိုလ်များတွင် ပညာသင်ကြားလိုသည့် မြန်မာကျောင်းသား၊ ကျောင်းသူများအနေဖြင့် Belt and Road Scholarship ပညာသင်ဆုကို လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ ပညာသင်ဆုသည် Belt and Road အဖွဲ့ဝင်နိုင်ငံများမှ ထူးချွန်ကျောင်းသားများအတွက် ချီးမြှင့်ခြင်းဖြစ်ပြီး ဘွဲ့ကြိုပညာသင်ကြားမှုအပြင် သတ်မှတ်ထားသည့် အစီအစဉ်များအလိုက် သုတေသနအခြေပြုဘွဲ့လွန်ပညာသင်ကြားခွင့်များလည်း ပါဝင်သည်။

ဘွဲ့ကြိုပညာသင်ဆု လျှောက်ထားလိုသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး နိုင်ငံတကာအသိအမှတ်ပြု ၁၂ တန်းပညာရေး အောင်မြင်ထားသူ၊ ပညာရေးရလဒ်ကောင်းမွန်သူ၊ ခေါင်းဆောင်မှုနှင့် ဆက်ဆံရေးစွမ်းရည်ရှိသူဖြစ်ရမည့်အပြင် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်ရမည်ဖြစ်သည်။

ပညာသင်ဆုအမျိုးအစားနှင့် သက်ဆိုင်ရာတက္ကသိုလ်၏ သတ်မှတ်ချက်များအပေါ်မူတည်၍ ကျူရှင်စရိတ် အပြည့်အဝ ကင်းလွတ်ခွင့်အထိ ရရှိနိုင်မည်ဖြစ်သည်။ ပညာသင်ဆုနှင့် သက်ဆိုင်သည့် တက္ကသိုလ်များမှာ The University of Hong Kong၊ The Chinese University of Hong Kong၊ The Hong Kong University of Science and Technology၊ City University of Hong Kong၊ Hong Kong Baptist University၊ The Education University of Hong Kong၊ The Hong Kong Polytechnic University နှင့် Lingnan University တို့ဖြစ်သည်။

စိတ်ဝင်စားသူများအနေဖြင့် သက်ဆိုင်ရာတက္ကသိုလ်များ၏ ဝင်ခွင့်ဝက်ဘ်ဆိုက်များနှင့် ဟောင်ကောင်ပညာရေးဗျူရို၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ပညာသင်ဆုသတ်မှတ်ချက်များ၊ လျှောက်ထားပုံနှင့် နောက်ဆုံးလျှောက်ထားရမည့်ရက်များကို ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

o-o-o-o-o-o

# Emergency First Responder သင်တန်းအမှတ်စဉ်(၆) ဖွင့်လှစ်



မန္တလေး အောက်တိုဘာ ၂၉

သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက စနစ်တကျ တုံ့ပြန်ကယ်ဆယ်နိုင်ရေးအတွက် Emergency First Responder Training သင်တန်း အမှတ်စဉ်(၆)ကို အောက်တိုဘာ ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး လူမှုကယ်ဆယ်ရေးအဖွဲ့ရုံး၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးကော်မတီနှင့် KBZ Bank၊ KBZ Foundation တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ၃၀ ဦး တက်ရောက်လျက်ရှိသည်။

သင်တန်းကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၆)



# ဆောင်းသီးနှံမျိုးကြဲရာတွင် မြေအစိုဓာတ်နှင့် အပူချိန်ကို အထူးဂရုပြုရန်လို

ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် မြေအပူချိန်၊ အစိုဓာတ်နှင့် မြေသားအခြေအနေတို့ကြောင့် အပင်ပေါက်နှုန်း မညီခြင်း၊ မျိုးစေ့ပုပ်ခြင်းနှင့် အပင်ငယ်များ ထိခိုက်ခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် မျိုးမချမီ စိုက်ခင်း အခြေအနေကို စစ်ဆေးရန်လိုအပ်ကြောင်း သိရသည်။

ဆောင်းရာသီတွင် ပဲတီစိမ်း၊ မတ်ပဲ စသည့် သီးနှံများ စိုက်ပျိုးကြရာ၌ တစ်နှစ်နှင့် တစ်နှစ် ရာသီဥတုအခြေအနေကွာခြားနိုင်သည့်အတွက် သင့်တော်သည့် စိုက်ပျိုးနည်းစနစ်များကို ရွေးချယ်အသုံးပြုရန် လိုအပ်သည်။

မြေအပူချိန်နိမ့်ကျပါက မျိုးစေ့မှ အမြစ်နှင့် အညွှန့်စတင်ထွက်ပေါ်မှု နှေးကွေးနိုင်ပြီး အပင်ပေါက်ချိန် နောက်ကျနိုင်သည်။ ထို့ကြောင့် လေထုအပူချိန် သာမက မျိုးစေ့ချမည့် မြေဆီလွှာ၏ အပူချိန်နှင့် အခြေအနေကိုပါ ထည့်သွင်းစဉ်းစားသင့်သည်။

ထို့ပြင် မြေအစိုဓာတ် မလုံလောက်ပါက မျိုးစေ့များ ရေစုပ်ယူမှု အားနည်းကာ အပင်ပေါက်နှုန်းကျဆင်းခြင်း၊ အပင်ပေါက်မညီခြင်းနှင့် အမြစ်စတင်ထွက်ပေါ်ချိန်တွင် အပင်ငယ်များ ထိခိုက်ခြင်းတို့ ဖြစ်နိုင်သည်။ အခြားတစ်ဖက်တွင် မြေတွင်းရေဝပ်နေပါက မျိုးစေ့အတွက် အောက်ဆီဂျင် မလုံလောက်ခြင်းကြောင့် မျိုးစေ့ပုပ်ခြင်း၊ အပင်ငယ်ပုပ်လဲခြင်းနှင့် အမြစ်ပုပ်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။

မြေသားအခြေအနေသည်လည်း အပင်ပေါက်နှုန်းအပေါ် သက်ရောက်မှုရှိသည်။ မြေခဲများခြင်း၊ မြေသားကျစ်လျစ်ခြင်းနှင့် မြေမျက်နှာပြင်တွင် မြေလွှာခဲတက်ခြင်းတို့ကြောင့် မျိုးစေ့နှင့် မြေသားထိတွေ့မှုအားနည်းကာ အမြစ်နှင့်အညွှန့်များ ကြီးထွားရန် အဟန်အခဲဖြစ်နိုင်သည်။ ထိုအခြေအနေများကြောင့် စိုက်ခင်းတစ်ခင်းတည်းတွင်ပင် အပင်ပေါက်နှုန်း မညီမညာဖြစ်ပေါ်နိုင်သည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာတွင် အယ်လ်နီညိုအခြေအနေနှင့် ရာသီဥတုခန့်မှန်းချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ဒေသအလိုက် မိုးရွာသွန်းမှုပုံစံနှင့် အပူချိန်အခြေအနေကွာခြားနိုင်သဖြင့် သက်ဆိုင်ရာ မိုးလေဝသခန့်မှန်းချက်များကို စောင့်ကြည့်ကာ စိုက်ပျိုးချိန်နှင့် ရေရရှိနိုင်မှုကို ကြိုတင်စီစဉ်ထားရန် လိုအပ်သည်။

ထို့ကြောင့် မျိုးစေ့ချမီ မျိုးစေ့ချမည့် မြေအနက်တွင် အစိုဓာတ်လုံလောက်မှု ရှိ/မရှိ၊ မြေသားအနေအထား ကောင်းမွန်မှုရှိ/မရှိနှင့် ရေဝပ်နိုင်ခြေ ရှိ၊ မရှိ တို့ကို စစ်ဆေးသင့်သည်။ ထို့အပြင် မျိုးစေ့ချသည့်နေ့တွင် သာမက အပင်ပေါက်ပြီး အမြစ်စွဲလာသည့်ကာလအထိ အစိုဓာတ် ရရှိနိုင်မည့် အခြေအနေကိုပါ ကြိုတင်တွက်ချက်ရန် လိုအပ်ကြောင်း စိုက်ပျိုးရေးဆိုင်ရာအကြံပြုချက်များအရ သိရသည်။

(အပေါ်ပုံ)

ရွှေမန်း

# လက်ရှိဘဏ္ဍာနှစ် ခြောက်လအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၄,၂၃၅ ကျော် တင်ပို့

လက်ရှိဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ပုစွန်မက်ထရစ်တန် ၄,၂၃၅ ကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇၆ သန်း ရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၃,၉၇၀ ဒသမ ၂၁၂ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၉၁ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် ပုစွန်မက်ထရစ်တန် ၃၆၉ သန်း ရရှိခဲ့သဖြင့် ၂၆၄ ဒသမ ၉၄ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆၉ သန်း ရရှိခဲ့ခြင်း ဖြစ်သည်။



မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးနှင့် အခြားရေထွက်ကုန်ပစ္စည်းများကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် အပါအဝင် ပြည်ပနိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ရေထွက်ကုန်များကို ရုန်ကုန်မြို့မှတစ်ဆင့် ပုံမှန်ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှုဖြင့် တင်ပို့နေသည့်အပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိသည်။

ထို့ပြင် ယခုဘဏ္ဍာနှစ် အတွင်း ပြည်ပသို့ ရေထွက်ကုန် တင်ပို့မှု စုစုပေါင်းမှာ မက်ထရစ်တန် ၁၆၁,၉၃၁ ဒသမ ၅၃၇ တန်ရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၈၂၆ သန်း ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။

(ဝံပုံ)

(မန္တလေးနေ့စဉ်-၆)

# အာဘိုးကြီးအို ခါးကုန်းကုန်း

**အမှတ်မထင်လက်ဆောင်မွန်**

(၄.၁၀.၂၀၂၆)ရက်၊ တနင်္ဂနွေနေ့ ဖြစ်သော်လည်း နန်းတော်ရှေ့စာပေတင်းကုပ် စာပေရေနွေးကြမ်းဝိုင်းပိတ်ထားသဖြင့် စာပေတင်းကုပ်သည် ဖုန်တက်ခြောက်သွေ့လျက်ရှိသည်။ သို့သော် တနင်္ဂနွေနေ့တွင် လုပ်နေကြအလုပ်ဖြစ်သည့် စာပေတင်းကုပ်အတွင်း အမှိုက်ရှင်းလင်းခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် အိမ်ထဲပြန်ဝင်ပြီး ရေမိုးချိုးအဝတ်စားလဲပါသည်။ ထိုစဉ် ဆရာဦးကျော်လှိုင် (နန်းတော်ရှေ့)နှင့် စာပေတင်းကုပ် ဝိုင်းတော်သား ၁၀ဦးခန့် ရောက်ရှိလာပါသည်။

မိမိကလည်း ရုတ်တရက်အံ့အားသင့်နေပြီး "ဆရာတို့စာပေတင်းကုပ် ပိတ်ထားတယ်လေ"ဟု ပြောလိုက်ရာ ဆရာဦးကျော်လှိုင် (နန်းတော်ရှေ့)"က သိပါတယ် ဆရာ၊ ကျွန်တော်တို့အဖွဲ့က ပန်းချီဆရာပြည့်အောင်၊ စာရေးဆရာ ပြည့်အောင် (C.O.A)။ ဆရာသပြေစန်းရဲ့ ပထမအကြိမ် တစ်ကိုယ်တော် ပန်းချီပြခန်းက ပြန်လာကြတာ ဆရာ"ဟု ပြန်ဖြေပါသည်။ "ဆရာရေ၊ ဆရာအင်ကြင်းစု-မျိုးချစ်ဆွေ(မန္တလေး)ကလည်း သူ့ရဲ့အသစ်ထုတ်ပုပွေနွေးနွေး ကဗျာစာအုပ်ကို လက် ဆောင်ပေးလိုက်သေးတယ်ဆရာ"ဟု ဆရာဦးခင်မောင်ဝင်း(၃)က ပြောကာ ကဗျာစာအုပ် တစ်အုပ်ပေးပါသည်။ ၄င်းတို့အဖွဲ့ နှုတ်ဆက်ပြန်သွားသည်နှင့်တစ်ပြိုင်တည်း လက်ဆောင်ရသော ကဗျာစာအုပ်ကို အစမှအဆုံး၊ အဆုံးမှအစ၊ အပြန်ပြန်အလှန်လှန် ဖတ်လိုက်ပါတော့သည်။

**အကြမ်းဖျင်းဖတ်ရှုခြင်း**

စာအုပ်ခေါင်းစဉ်မှာ "ပညာသူရဲကောင်း (ကိုယ်တွေ့ဝတ္ထု)နှင့် ဘဝသိုင်းတစ်လျှောက် ကဗျာကောက်ကြောင်းများ" ဖြစ်ပါသည်။ အတွင်းစာမျက်နှာပါ စာအုပ်ခေါင်းစဉ်မှာ မှန်ကန်ပါသော်လည်း စာအုပ်ရှေ့မျက်နှာဖုံးပါ စာအုပ်ခေါင်းစဉ်တွင် "ကိုယ်တွေ့ကဗျာဝတ္ထု နောက်တွင်" နှင့် ကျန်နေပြီး ဘဝသိုင်းတစ်လျှောက်ကိုလည်း ဘဝသိုင်း(တ)လျှောက်"ဟု ဖြစ်နေပါသည်။ ဆက်လက်၍ အမှာစာကျေးဇူးစကား၊ စာရေးဆရာ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် ဂန္ထဝင်ကဗျာများအားလုံးကို ဖတ်ကြည့်ရာ သတ်ပုံအလွဲအမှား၊ စာအကျ၊ အကျန်လုံးဝမရှိသည်ကို တွေ့ရပါသည်။ သို့ဖြစ်ပါ၍ စာရေးဆရာအားလည်းကောင်း၊ စာပြင်အဖွဲ့အားလည်းကောင်း ချီးကျူးဂုဏ်ပြုအပ်ပါသည်။

ထိုကဗျာစာအုပ်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ (ပထမအကြိမ်)ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပွင့်ပန်းသစ္စာစာပေက ထုတ်ဝေခဲ့ပြီး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရတနာဦးသွင် ရောင်စုံပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေပါသည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၁၀၀၀၀ ဖြစ်ပါသည်။ စာမျက်နှာ (၁၂၀) ပါသည်။ စာအုပ်အစပိုင်းတွင် စာရေးဆရာ၏ အသက်(၂၆)နှစ်အရွယ်၊ အသက်(၃၀)နှစ်အရွယ်၊ အသက်(၈၀)နှစ်အရွယ် ဓာတ်ပုံများ ဖြင့်လည်းကောင်း၊ နန်းတော်ရှေ့စာပေတင်းကုပ်ရေနွေးကြမ်းဝိုင်း ဝိုင်းတော်သူ၊ ဝိုင်းတော်သားများ၏ ဓာတ်ပုံများဖြင့်လည်းကောင်း ဝေဝေဆာဆာ ဖော်ပြထားပါသည်။

ပထမပိုင်း ၊ ဒုတိယပိုင်းနှင့် တတိယပိုင်း ဟူ၍ အပိုင်း သုံးပိုင်းဖြင့် တင်ပြထားပြီး အပိုင်း(၂၀)ဖြင့် ရေးဖွဲ့သီကုံးထားသည့် ပညာသူရဲကောင်း (ကိုယ်တွေ့ကဗျာဝတ္ထု)တစ်ပုဒ်၊ ဂန္ထဝင်ကဗျာများဖြစ်သော ဓားထပ်၊ ဒွေးချိုး၊ လေးလုံးစပ်၊ သံပေါက်လက်ာ ၄၆ ပုဒ်နှင့် သီချင်း ၁၈ ပုဒ်၊ စုစုပေါင်း ၆၅ ပုဒ် ပါဝင်ပါသည်။ စာရေးဆရာက စာဖတ်သူများကို ဂန္ထဝင်ကဗျာများနှင့် မြန်မာစစ်စစ်သံစဉ်များကို တစ်ဝကြီးခံစားနိုင်စေရန် စေတနာဖြင့် ရေးသားထားဟန်တူပါသည်။

**စိတ်ကြိုက်ခံစားကဗျာများ**

ဤဆောင်းပါးရှင်မိမိသည် ဆရာအင်ကြင်းစု-မျိုးချစ်ဆွေ(မန္တလေး)၏ ကဗျာစာအုပ် တစ်အုပ်လုံးကို ကြိုက်နှစ်သက်ပါသည်။ သို့သော် သတင်းစာ၌ သတင်းဆောင်းပါးရေးသားရာတွင် စာမျက်နှာကို ချိန်ဆရေးသားရပါသောကြောင့် စာဖတ်ပရိသတ်အား စိတ်ကြိုက်ကဗျာအချို့ကိုသာ ကောက်နုတ်တင်ပြအပ်ပါသည်။

**တို့ပြည်ထောင်စု (တေးထပ်)**

* ရှမ်း၊ ကချင်၊ ကယား၊
ပြည်ထောင်သားဖြစ်သည်။
ညီနောင်ဖွား ချစ်ကြည်မည်၊
ဧတ်သစ်တည်လက်တွဲ။
ရေကြည်စမ်းတမျှ၊ သွေမဖည်တမ်းပ
နေခြည်ဖျန်းစ ကမ္ဘာမြေအသွင်လို
ဖြာဝေလွင်လွင် ရွှင်လန်းနေကြအမြဲ။
* ပင်လုံက အစချီတယ်၊ ကမ္ဘာတည်မခွဲ။
သန္ဓါကြည် ညီနောင်ပဲရယ်မို့၊
ပြည်ထောင်ထဲ ပါဝင်။
နယ်ချဲ့လူ ဘယ်သူဖြစ်စေတော့
သွေမပျက် အားတက်နေမည့်အသွင်။
* ဗိုလ်အောင်ဆန်း၏ ဟိုတောင်တန်းအစ
လျှို့မြောင်စစခန်းမှ တစ်စမကျနံပင်
ပြည်ထောင်ချစ်စိတ်ကိုပင်
တွင်တွင်ဟောတာမို့
ဥဏ်သဘော နောကျေနေအောင်
သိပေါ့ နောက်နောင်။
* ရွှံရှာစနစ်က၊ ကျွန်လာဖြစ်သမျှ
ခွန်မှာနစ်သပ ကိုလိုနီဘောင်ဝယ်
ငါတို့ပြည်ထောင် လင့်စိုးအောင်ပလေး။
* တက်နေဝန်းတမျှ၊ ကျက်သရေထွန်းပ
ခက်သပြေရွန်းမြ အောင်ပန်းဆောင်မယ်
ငါတို့ ပြည်ထောင် တင့်ဖြိုးအောင်ပလေး။
ညီအစ်ကိုတွေသည်ချစ်စို့ ၊
ကြည်ညိုနေပြီဖြစ်လ
ဒီမိုကရေစီစေတ်မို့ ပြည်ကျိုးဆောင်မယ်
ငါတို့ပြည်ထောင် ဆင့်တိုးအောင်ပလေး။

(စာမျက်နှာ- ၂၈)

**ကဆုန်လ ညောင်ရေသွန်းပွဲ**

* ဂိမှာန်ဓေါ် ရာသီထဲ
ညောင်ရေသွန်းပွဲ နွဲကြသည်။
ဆွေ့ဆွေ့ခုန် ပူကာဆိုက်
စိတ်ဌိမကြည်။
သစ်ပင်တို့မည်သည်
ရေအမှိုရှိမှ စိုပြည်လန်း။
လကဆုန်ညောင်ရေပွဲ
နွဲစို့အတူလှမ်း။
* ဖွားဖက်တော် ခုနစ်ဦးတဲ့
ကြားဖူးခဲ့ အတန်တန်။
လောင်းဗုဒ္ဓေ ဖွားစဉ်ခိုက်
ပေါင်းတစ်သိုက်မှန်။
အာ၊ ဗော၊ ကာ၊ ယ ၊ ဆန်၊ ရွှေ၊ ကန်၊
ဖွားဖက်တော် ဧကန်ခုနစ်ဦး။
ဗောဓိညောင်စေတီထိုက်
ဦးခိုက်ရည်စူး။
* ကဆုန်ကျော် ဆုတ်တစ်ရက်
သာသနာသဏ္ဌာရာဓ် တိုးတောက်မည်။
နှစ်ထောင့်ငါးရာခုနစ်ဆယ်တဲ့
မှတ်ကွဲ့တစ်လီ။
ကောင်းမှုပြုကြ တို့ကိုယ်စီ
နိဗ္ဗာန်ဆီရည်မှန်း။
မြန်မာပြည် သာစေကြောင်း
မြန်မာတွေ မာစေကြောင်း
ကောင်းမှုလှူဒါန်း ။ ။
၁။ အာ= ညီတော်အာနန္ဒာ
၂။ ဗော= မဟာဗောဓိပင်
၃။ ကာ= ကာဠဒေါဃိအမတ်
၄။ ယ= ယသော်ဓရာဒေဝီ
၅။ ဆန်= ဆန္နအမတ်
၆။ ရွှေ= ရွှေဆိုးကြီးလေးလုံး
၇။ ကန်= ကန္ထအမတ်

(စာမျက်နှာ-၆၇-၆၈)

**ယက္ခန်းစင်တောင်ဆရာတော်ကြီးဦးဩဘာသ ဂုဏ်ပူစာပိဒ်ခံရတဲ့ရက်**

မန္တလာတိုင်းဝယ်၊ စဉ့်ကူးနယ်၌၊ တင့်တယ်ထင်ပေါ်၊ ဦးရာကျော်နှင့် မယ်တော်မိရင်း၊ ဒေါ်ငွေနှင်းတို့ ထင်လင်းသက္ကရာဇ်၊ တစ်ထာင့်ခုစဉ့်ရာခုနစ်တွင်၊ ထွက်စစ်တပေါင်း၊ ချိန်ခါကောင်းသည်၊ နှစ်ဟောင်းကုန်စွ၊ ဆန်းပက္ခဝယ်၊ နဝရတ်တွင်း၊ ရွှေလိုဝင်းသည်၊ မော်ကွန်းသည်၁၊ သားရတနာကို၊ သံသာချို အေး၊ ငှက်တို့တေးဆို၊ ငြိမ်းအေးလွင်လွင်၊ ထိုချိန်တွင်မှ၊ ဖွားမြင်ကြင်နာ၊ စိတ်ချမ်းသာသည်၊ ကမ္ဘာလောက အေးစေသော်၀။

သဏ္ဌာန်ပမာန်ငင်းရွယ်၊ အံ့ချီးဖွယ်တည့်၊ သား ငယ်မောင်ကွန်း၊ လပြည့်ဝန်းသို့၊ ချီးမွမ်းသူငါ လူတကာတို့ ရောက်လာကာမေး၊ လူကလေးရဲ့၊ ထွေးပိုက်ချီငင်၊ ပြုံးပျော်ရွှင်လျက်၊ ကြင်နာစိတ်မွှားများ ထက်များခဲ့၊ ကျောင်းထားချိန်ဝယ်၊ ရှမ်းနယ်မြောက် တစ်ရိုး၊ တန်ခိုးကြီးမား၊ ဆရာဘုရားကို ဝပ်တွားခယ၊ ရိုတုပ်ကွန့်၊ သင့်သမျှလုံးစုံ၊ နှုတ်အာဝုံကျက်၊ မယုံနိုင်စရာ၊ ထက်ပညာသည် မကွာသောက အေးစေသော်၀။

မြန်မကြာမဆိုင်းကွယ်၊ သက်နှစ်ဆယ်၌၊ ရှင် ငယ်ရဟန်း၊ ဆင်သက်နှင့်၊ ရဟန်းပုတ္တာ၊ အရှင် သြဘာသဟု နာမကျော်ကြား၊ နယ်တစ်လွှားဝယ်၊ ထွန်းသစ်ဝိဇ္ဇာ၊ ဘုန်းသမ္ဘာနှင့်ရောင်ဝါ လင်းလက်၊ တက်နေထွတ်သို့၊ ယက္ခန်းစင်တောင်၊ အတိတ် ကောင်းဆောင်လျက်၊ ကျောက်ဖျာထက်ဝယ်၊ ထွက်ရပ်ပေါက်ကာ၊ မြန်မာပြည်သူ၊ ခပ်သိမ်းလူတို့၊ ကြည်ဖြူသဒ္ဓါ၊ ဘေးကင်းကွာသည် ဘယာမောဟ ပြေးစေသော၀် ။

(စာမျက်နှာ-၇၅)

**စာရေးဆရာ၏ကိုယ်ရေးအတ္ထုပ္ပတ္တိ**

စာရေးဆရာကို စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ အင်ကြင်းစုကျေးရွာတွင် ၁၉၄၇ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ စနေနေ့ ည ၁၁ နာရီ ၁၀ မိနစ်တွင် မွေးဖွားခဲ့သည်။အမည်ရင်းမှာ ဦးချစ်ဖေ ဖြစ်သည်။ မွေးချင်းငါးယောက်အနက် တတိယမြောက်ဖြစ်သည်။ ဖခင်မှာ ဦးဘလေးဖြစ်၍ မိခင်မှာ ဒေါ်လှတင်ဖြစ်သည်။ ပုလဲမြို့ရေစကြိုမြို့၊ မုံရွာမြို့၊ မန္တလေးမြို့တို့တွင် ဒသမတန်းအထိ ပညာသင်ယူခဲ့ပြီး ကျေးရွာသမဝါယမအသင်း စာရင်းကိုင်မန်နေဂျာ၊ ပုလဲမြို့နယ် ဌေစုဌေးရေးသမအသင်းတို့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ပန်းရွာခရိုတွင် မြန်မာစာနှစ်စဉ် ဘာသာ ရည်ချွန်ပြိုင်ပွဲအတွက် အင်ကြင်းစုကျေးရွာ မူလွန်ကျောင်း(ယခု အ.လ.ကကျောင်း-ခွဲ တွင်) ၁၉၇၅-၇၆ မှ ၁၉၈၅-၈၆အထိ စနေ၊ တနင်္ဂနွေနေ့တို့၌ (၁၀)နှစ်တိတိ မြန်မာစာအခမဲ့ လုပ်အားပေးဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၅ ခုနှစ်၊ နိဝင်ဘာ ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ကျွန်းဖိုပင်ကျေးရွာက ဦးဘသန်း+ဒေါ်နှင်းတို့၏ သမီး မအေးနုကြည်နှင့် အိမ်ထောင်ပြုခဲ့သည်။ သားသမီးငါးယောက်ထွန်းကား၍ အကွက်(၅)၊ ညောင်ကွဲရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိသည်။ ဆက်သွယ်နိုင်သော ဖုန်းနံပါတ်မှာ ၀၉-၉၆၄၄၄၈၇၀၃ ဖြစ်ပါသည်။

စာပေလောကသို့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာတွင် ကျွန်းဖိုပင်ကျေးရွာက မူလတန်းကျောင်း အုပ်ဆရာကြီး စံပြပုဂ္ဂိုလ်ဆရာကြီး ဦးပါတူ ဆောင်းပါးဖြင့် "မင်္ဂလာမောင်မယ်" စာစောင်တွင် စတင် ဖော်ပြခြင်းခံခဲ့ရသည်။ ၁၉၆၆-၁၉၆၇ ပညာတန်းမှစတင်၍ ကဗျာများကို မြန်မာကဗျာလင်္ကာရေးထုံးနှင့်အညီ စတင်ရေးသားခဲ့ပြီး မြို့နယ်၊ ခရိုင်၊ တိုင်း စာပေပြိုင်ပွဲတို့တွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို့ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နှစ်စဉ် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ခံရာ၊ အထူးဆုများ ဆွတ်ခူးရရှိခဲ့သည်။ ယခုအချိန်တွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို့ကို ကလောင်ခွဲငါးမျိုးဖြင့် ရံဖန်ရံခါရေးသားလျက်ရှိသည်။ ပရဟိတလုပ်ငန်းအနေဖြင့် ပညာဆက်လက်သင်ယူနိုင်ရန် အခက်အခဲရှိသူများအတွက် "လမ်းပြကြယ်ခုနစ်စဉ်" အခမဲ့ပညာရေး၊ အထောက်အကူပြုလှူယ်အိတ်၊ ကျောင်း၀တ်စုံ၊ စာရေးကိရိယာများနှင့် သင် ထောက်ကူပစ္စည်းများ ထောက်ပံ့ရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

**မေတ္တာပို့သ၊ ထာဝရ**

ယခုအခါ စာချစ်သူ အဆွေသည် ဆရာအင်ကြင်းစု-မျိုးချစ်ဆွေ(မန္တလေး)၏ ၄င်းဘဝသိုင်းတစ်လျှောက် ကဗျာကောက်ကြောင်းများကိုလည်းကောင်း၊ ပညာသူရဲကောင်း (ကိုယ်တွေ့ကဗျာဝတ္ထု)ကိုလည်းကောင်း၊ ဆရာကိုယ်တိုင် ရေး၊ ဆု ဂန္ထဝင်တေးသီချင်းများကိုလည်းကောင်း၊ ဖတ်ရှုခံစားပြီး ဖြစ်ပါသည်။ ဆရာ့စာအုပ်သည် ဘုန်းကြီးကျောင်းမှ ဟင်းပေါင်းအိုးကြီးသဖွယ် အရသာအဆင်းတို့နှင့် ကြိုင်သင်းကောင်းမွန်လှပါသည်။

ဆရာအင်ကြင်းစု-မျိုးချစ်ဆွေ(မန္တလေး)သည် ဇာတာထဲတွင်ပါသကဲ့သို့ အသက်ရာကျော် ရှည်စေရန်လည်းကောင်း၊ တိုင်းပြည်နိုင်ငံ အမျိုးဘာသာသာသနာအကျိုးပြု စာကောင်းပေမွန်များကိုလည်း ဆက်လက်ရေးသားနိုင်စေရန်လည်းကောင်း ထပ်လောင်း မေတ္တာပို့သအပ်ပါတော့သတည်း။

**အောင်တင်ဝင်း(ငါ့သရောက်)**

# စာဖတ်ရှုနိုင်မြှင့်တင်ရေး ဖတ်၊မှတ်စွမ်းရည်ပြိုင်ပွဲနှင့် မြန်မာစကားပုံဆက်ပြိုင်ပွဲ ကျင်းပ

**အရာတော် အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြဗဟို ဌာနတွင် စာဖတ်ရှုနိုင်မြှင့်တင်ရေး ဖတ်၊ မှတ်စွမ်းရည်ပြိုင်ပွဲနှင့် မြန်မာစကားပုံဆက်ပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ပြိုင်ပွဲကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူ ၁၉ ဦးတို့က အထွေထွေ ဗဟုသုတစာအုပ်တွင် ပါရှိသော အကြောင်းအရာ အချက်အလက်များကို ဖတ်၊မှတ်စွမ်းရည် ယှဉ်ပြိုင်ခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက အုပ်စုခွဲ၍ မြန်မာစကားပုံဆက်ပြိုင်ပွဲကို ဆက်လက် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# အခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**ခန္ဓီး အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္ဓီးမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ အများသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အခြေခံအင်္ဂလိပ်စာသင်တန်းကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက ခန္ဓီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြဗဟိုဌာနခန်းမတွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မာထွန်းက သီတင်းကျွတ် ကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသားလူငယ်များအနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတ ရရှိပြီး အချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်စေရန်နှင့် အင်္ဂလိပ်စကား ပြောစွမ်းရည်များ မြင့်မားတိုးတက်လာစေရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ပြောကြားကာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စု လတ်စိုးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်စုမြတ်နိုင်တို့က ကျောင်းသား၊ ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။



အဆိုပါသင်တန်းကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၃၀ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*–*–*–*–*–*–*

# အပူဒဏ်ကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာ အသိပညာပေး Talk Show ဆောင်ရွက်

**ပုသိမ်ကြီး အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ပြည်သူများအတွက် စူပါအယ်လ်နီညို အပူဒဏ်ကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာ အသိပညာပေး Talk Show ဆွေးနွေးခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိန်ဝင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ဖုန်းမြင့်မော်တို့က ပါဝင်ဆွေးနွေးခဲ့ရာ အယ်လ်နီညိုရာသီဥတုဆိုသည်မှာ ပစိဖိတ်သမုဒ္ဒရာ အလယ်ပိုင်းနှင့် အရှေ့ပိုင်းရှိ ပင်လယ်ရေမျက်နှာပြင် အပူခိုန်ဟာ ပုံမှန်ထက်ပူနွေးလာသည့် သဘာဝရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တစ်ခုဖြစ်ကြောင်း၊ အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများမှာ အပူဒဏ်ကြောင့် ရေဓာတ်ခမ်းခြောက်ခြင်း၊ ပင်ပမ်းနွမ်းနယ်ခြင်း၊ သတိလစ်ခြင်းနှင့် လူတို့၏ အသက်အန္တရာယ်ကိုပါ ထိခိုက်လာနိုင်သည်အထိ ဖြစ်ပွားနိုင်ကြောင်း၊ ပြည်သူလူထုအနေဖြင့် အဆိုပါ ရာသီဥတုအတွင်း ရေများများသောက်၍ အိပ်ရာဝင် အေးမြသောနေရာများတွင်သာနေရန်၊ အပြင်ထွက်လျှင် ထီး၊ ဦးထုပ်ဆောင်း၍ ချည်ထည်လက်ရှည် ဝတ်ဆင်ရန်နှင့် အရက်၊ ဘီယာ သောက်သုံးခြင်းကို ရှောင်ကြဉ်ကြရန် လို အပ်ကြောင်း အစရှိသည်များကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) ရွှေရန်ကင်း**




# Impression Of Nature အမည်ဖြင့် တစ်ကိုယ်တော်ပန်းချီပြပွဲ ပြုလုပ်မည်

**မန္တလေး အောက်တိုဘာ ၂၉**

ပန်းချီဆရာမြင့်ထွန်း (POL) ၏ တတိယအကြိမ်မြောက် Impression Of Nature အမည်ဖြင့် တစ်ကိုယ်တော် ပန်းချီပြပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ပဒေသာမြို့သစ် ဒုဋ္ဌဝတီလမ်း၊ အမှတ်(၉-၅၈)ရှိ တောင်လေကား Home Art Gallery အနုပညာပြခန်းတွင် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် သဘာဝတရား၏ အလှတရားများ အလင်းနှင့် အရောင်တို့ နူးညံ့သိမ်မွေ့သော ပေါင်းစပ်မှုများမှတစ်ဆင့် ပန်းချီဆရာတစ်ဦး၏ ခံစားမှုနှင့် အနုပညာအမြင်တို့ကို ခံစားကြည့်ရှုနိုင်မည့်အနုပညာ ခရီးစဉ်တစ်ခုအဖြစ် ဆီဆေး၊ရေဆေး၊လက်ရာမြန်မာ့ရိုးရာ ပန်းချီကားများအား ပြသသွားမည်ဖြစ်ပြီး ပြပွဲကာလမှာ နိုဝင်ဘာ ၁ ရက်မှ ၈ ရက်အထိ ရှုစဉ်ရက်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီအနုပညာချစ်မြတ်နိုးသူများ လာရောက်လေ့လာခံစားကြည့်ရှုနိုင်ကြောင်း သိရသည်။

**(၀၇၀)**




# ဖတ်စရာ၊ မှတ်စရာ စုံလင် ဝတ္ထုရေး

## ဂုဏ်ရည်တိုးပို့ လမ်းပြစို့

* ကိုယ် ၊ နှတ် စောင့်စည်းထိန်းသိမ်းကာ
ကိုယ်ကျင့်တရားပါ ။
ပြုလုပ် ၊ ကြံကာ ပြောဆိုမှု
စောင့်ကြပ် သတိပြု ။
ရိုးသားဖြောင့်မှု မုန်ကန်စွာ
စောင့်စည်းထိန်းသိမ်းပါ ။
အများသူငါ နစ်နာရ
ဝေးစွာ ရှောင်ကြဉ်ကြ ။
အရှက်ရမှာ ကြောက်ပါလေ
မကောင်းအမှုတွေ ။
စောင့်ထိန်းပါလေ ကိုယ်ကျင့်တရား
မွန်မြတ်သူ ဖြစ်သွား ။
ချမ်းသာသူများ ရှိဥစ္စာ
အရင်းအနှီးပါ ။
ဆင်းရဲသူမှာ ဥစ္စာချို့
ကိုယ်ကျင့်ကောင်းကြစို့ ။
လက်ရှိဘဝ ပစ္စုပ္ပန်
အုတ်မြစ် အခြေခံ ။
မွန်မြတ်မှန်ကန်စိတ်မှာထား
ယနေ့ လူငယ်များ ။
ရိုးသား ကြိုးစား နေထိုင်ကာ
ရင့်ကျက် တည်ငြိမ်လာ ။
ယဉ်ကျေးလိမ္မာ လူငယ်များ
နောင်တစ်ခေတ်၏ အား ။
သိမြင်မှုများ တိုးဖို့ရာ
စာပေ ဖတ်ရှုပါ ။
မိဘ ဆရာ ဆိုဆုံးမ
လိုက်နာ ကျင့်သုံးကြ ။
အမိ အဖ ဆိုသည်မှာ
လက်ဦး ဆရာပါ ။
နည်းလမ်းမှန်စွာ ညွှန်ကာပြ
ပုဇ္ဇ စရိယ ။
ပညာရဖို့ ပညာရှာ
တစိုက်မတ်မတ်သာ ။
ယဉ်ကျေးလိမ္မာ ရှိသူများ
ဂုဏ်ရည်တိုး၍ သွား ။ ။

စောရွှေမြင့်(ချုပ်သင်း)

# နိုင်ငံတကာ အားကစား သတင်းများ



## ဒဲ့ကောက်ကို ယာယီနည်းပြအဖြစ် ဖီနာဘာချီအသင်းခန့်အပ်

**လန်ဒန် အောက်တိုဘာ ၂၉**

ဖီနာဘာချီအသင်းသည် အသင်းယာယီနည်းပြအဖြစ် ဒဲ့ကောက်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၄၆)နှစ်အရွယ်ရှိ ဒဲ့ကောက်သည် ပြီးခဲ့သည့် ဇွန်လမှ စတင်၍ ဖီနာဘာချီအသင်း၏ လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့ပြီး ယခုအခါ နည်းပြအစွမ်းလက်ကတယ်လ် ရာထူးမှ ထုတ်ပယ်ခံရပြီးနောက် ယာယီနည်းပြအဖြစ် တာဝန်ပေးခြင်းခံခဲ့ရသည်။

ဒဲ့ကောက်က 'ကျွန်တော် ဖီနာဘာချီအသင်းအတွက် ရလဒ်ကောင်းတွေ ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ။ လာမည့် ပွဲစဉ်တွေမှာလည်း နိုင်ပွဲတွေ ရယူသွားမှာပါ' ဟု ပြောသည်။

ဖီနာဘာချီအသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၅ရက်တွင် လီဗာပူးအသင်းကို အိမ်ကွင်းတွင် လက်ခံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အပေါ်ဝံပုံ) (NGB)**

## ပိုလာရင်ဘာလိုဂန်ကို ခေါ်ယူရန် ဂျူဗင်တပ်အသင်းကမ်းလှမ်း

**တူရင် အောက်တိုဘာ ၂၉**

ဂျူဗင်တပ်အသင်းသည် မိနာကို အသင်းတိုက်စစ်မှူး ဖိုလာရင်ဘာလိုဂန်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မိနာကိုအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲ စုံ ၉၄ပွဲကစားပြီး ၃၁ဂိုး သွင်းယူ ကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

မိနာကို အသင်းကလည်း ဖိုလာရင်ဘာလိုဂန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် မိနာကိုအသင်း ထံမှ ဖိုလာရင်ဘာလိုဂန်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝံပုံ) (NGB)**




## ကာဒီအိုဂလူ ဒဏ်ရာကြောင့် ရက်သတ္တပတ်အတန်ကြာ အနားယူရဖွယ်ရှိ



**လန်ဒန် အောက်တိုဘာ ၂၉**

ဘရိုက်တန်အသင်း နောက်ခံကစားသမား ကာဒီအိုဂလူသည် တင်ပါးဆုံရိုးဒဏ်ရာကြောင့် ရက်သတ္တပတ်အတန်ကြာ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ပရီမီးယားလိဂ်ပွဲစဉ်အဖြစ် ဘရိုက်တန်အသင်းက လီဗာပူးအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကာဒီအိုဂလူ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘရိုက်တန်အသင်းအတွက် ကြိုးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကာဒီအိုဂလူသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၆၀ ကစားပြီး ၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(အပေါ်ဝံပုံ) (NGB)**

## 2026 Prudential Hong Kong Tennis Open
## တင်းနစ်ပြိုင်ပွဲ နိဝင်ဘာ ၂ ရက်တွင် စတင်မည်

**ဟောင်ကောင် အောက်တိုဘာ ၂၉**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Prudential Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲကို လာမည့် နိဝင်ဘာ ၂ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Prudential Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲကို နိုင်ဘာ ၂ရက်မှ ၉ ရက်အထိ စရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။



2026 Prudential Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

2026 Prudential Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ကနေဒါတင်းနစ်မယ် Victoria Mboko ဖြစ်သည်။**(အပေါ်ဝံပုံ) (NGB)**

## မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၀-၁၀-၂၀၂၆ သောကြာနေ့ | ညနေ ၄း၃၀ နာရီ | Ispe FC - ရတနာပုံ | Ispe FC ၂-၂ ရတနာပုံ<br>ရတနာပုံ ၃-၁ Ispe FC |
| 〃 | ညနေ ၄း၃၀ နာရီ | မြဝတီ - ရန်ကုန်စီးတီး | ———— |

## နည်းပြ မာနိုလိုဂွန်ဇာလက်ဇ်ကို နည်းပြရာထူးမှ အက်စ်ပန်ညိုအသင်းထုတ်ပယ်

**မက်ဒရစ် အောက်တိုဘာ ၂၉**

အက်စ်ပန်ညိုအသင်းသည် လက်ရှိအချိန် ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ မာနိုလိုဂွန်ဇာလက်ဇ်ကို ရာထူးမှ ထုတ်ပယ်ခဲ့သည်။

အက်စ်ပန်ညိုအသင်းသည် စပိန်လာလီဂါပြိုင်ပွဲတွင် အမှတ်ပေးဇယား အဆင့် ၁၈နေရာတွင် ရပ်တည်ပြီး ရလဒ်များ ဆိုးရွားနေခြင်းကြောင့် နည်းပြ မာနိုလိုဂွန်ဇာလက်ဇ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။


နည်းပြ မာနိုလိုဂွန်ဇာလက်ဇ်သည် အက်စ်ပန်ညိုအသင်းကို ၂၀၂၄ခုနှစ် မတ် ၁၂ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၀၇ပွဲတွင် ၃၃ပွဲနိုင်၊ ပွဲ ၃၀သရေ၊ ၄၄ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အက်စ်ပန်ညိုအသင်းထုတ်ပြန်ချက်တွင် 'မာနိုလိုဂွန်ဇာလက်ဇ်ကို နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ' ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**



## ဒိုရေးကို စာချုပ်သက်တမ်းတိုးရန် ပီအက်စ်ဂျီအသင်း စီစဉ်



**ပါရီ အောက်တိုဘာ ၂၉**

ပီအက်စ်ဂျီအသင်းသည် တောင်ပံကစားသမား ဒိုရေးကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၄ပွဲကစားပြီး ၃၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းထုတ်ပြန်ချက်တွင် 'ဒိုရေးကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ဆက်ရှင်နေပါတယ်။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ် ချုပ်ဆိုနိုင်တော့မှာပါ' ဟု ထုတ်ပြန်သည်။**(ဝံပုံ)(NGB)**

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၁-၁၀-၂၀၂၆<br>နံနက် ၀း၃၀ နာရီ | ဗီလာရီးရဲလ် - အက်စ်ပန်ညို | ဗီလာရီးရဲလ် ၄-၁ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၀-၂ ဗီလာရီးရဲလ် |

## ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၁-၁၀-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | လီဟာဗာ - ပီအက်စ်ဂျီ | လီဟာဗာ ၀-၁ ပီအက်စ်ဂျီ<br>ပီအက်စ်ဂျီ ၃-၀ လီဟာဗာ |
| 〃 | နိစ် - ရင်းနက်စ် | နိစ် ၀-၄ ရင်းနက်စ်<br>ရင်းနက်စ် ၁-၂ နိစ် |
| ၃၁-၁၀-၂၀၂၆<br>နံနက် ၀၂း၃၅ နာရီ | လိုင်လီ - လန်းစ် | လိုင်လီ ၃-၀ လန်းစ်<br>လန်းစ် ၃-၀ လိုင်လီ |

## အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၁-၁၀-၂၀၂၆<br>နံနက် ၀၂း၃၀ နာရီ | ရှက်ဖီးလ်(Utd) - ဝက်ရဟမ်း | ရှက်ဖီးလ်(Utd) ၁-၂ ဝက်ရဟမ်း<br>ဝက်ရဟမ်း ၅-၃ ရှက်ဖီးလ်(Utd) |

## ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၁-၁၀-၂၀၂၆<br>နံနက် ၀၂း၀၀ နာရီ | အဲလ်ဟစ်ဘတ် - မိန့်ဇ် | ———— |

# အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များနှင့်ပတ်သက်၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် နှီးဆော်ခြင်းများ ဆောင်ရွက်

**မိုင်းရယ် အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များနှင့် ပတ်သက်၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၇ နာရီက မြို့လယ်မဟာဗောဓိရွှေစေတီနှင့် ဆုတောင်းပြည့်ဘုရား ကိုးဆူစေတီရှေ့နှင့် မြို့မဈေးကြီးတို့၌ ဆောင်ရွက်ခဲ့သည်။

အယ်လ်နီညို အန္တရာယ် အသိပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေရာတွင် ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစစ်အောင်လတ်နှင့် အဖွဲဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲများက အယ်လ်နီညိုအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များအား လမ်းသွားလမ်းလာ ပြည်သူများ၊ မြို့မဈေးကြီးအတွင်းရှိ ဈေးသူ၊ ဈေးသား၊ ဈေးလာဝယ်သူများကို ဖြန့်ဝေသည်။



အဆိုပါ အယ်လ်နီညိုအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလတွင် ကျန်းမာအောင် နေထိုင်နည်း၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ဂေဟစနစ်တို့အပေါ် အကျိုးသက်ရောက်မှုများ စသည့် အချက်များပါဝင်သည့် လက်ကမ်းစာစောင် ၁၀၀၀ ကို အသိပညာပေး ဖြန့်ဝေခဲ့ကြသည်။

ထို့နောက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအတွင်း အယ်လ်နီညိုအန္တရာယ်ကို ပြည်သူများ ပိုမိုသိရှိနားလည်စေရန် အတွက် မြန်မာ၊ ရှမ်း နှစ်ဘာသာဖြင့် အသိပေးနှိုးဆော်ခြင်းများကို အသံချဲ့စက်များဖြင့် လိုက်လံဆော်ဩလျက်ရှိကြောင်း သိရသည်။

**(ဝံပုံ)**

**(မိုင်းရယ်ပြန်/ ဆက်)**

o-o-o-o-o-o-o



# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မချမ်းဘော အောက်တိုဘာ ၂၉**

ကချင်ပြည်နယ်၊ မချမ်းဘောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီက အမှတ် ၄ ရပ်ကွက်ရှိ ရဝမ်ရိုးရာယဉ်ကျေးမှု ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတူးဂျာက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးဘုန်းထက်သို့က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကာကွယ်နည်းလမ်းများ၊ ဖြစ်ပွားနိုင်သော ရောဂါများ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြိုင်က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် စိုက်ပျိုးရေး ပျက်စီးဆုံးရှုံးနိုင်မှုများ၊ ကြိုတင်ကာကွယ်ရေး နည်းလမ်းများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီနီလွင်က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် အန္တရာယ်ကာကွယ်ရေး သတင်းအချက်အလက်မှန် ရရှိရေးဆိုင်ရာများနှင့် လိုက်နာဆောင်ရွက်ရန်အချက်များကို လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကျေးရွာအဆောက်အအုံ၊ ရေပေးဝေရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ခံ ဦးဇာမဲဒီးဆား၊ ရဲက တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှု ကြိုတင်ကာကွယ်ရေးနှင့် ရောဂါမဖြစ်ပွားရေး ဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း အသီးသီး ဟောပြောခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများက သိရှိလိုသည့်များကို မေးမြန်းဆွေးနွေးကြပြီးနောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်စကားပြောကြားကာ တက်ရောက်လာကြသော ဒေသခံပြည်သူများက ခင်းကျင်းပြသထားသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများ၊ မီးဘေး၊ ရေဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ ဆက်)**

# ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၁၃၀၀ ကျော် စိုက်ပျိုးရန် လျာထား

**ကျန်းလှ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျန်းလှမြို့နယ်သည် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း အဓိကစိုက်ပျိုးသော ဒေသတစ်ခုဖြစ်ပြီး ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၁၃၀၀ ကျော်စိုက်ပျိုးရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်းကို မိုးရာသီ အများဆုံးစိုက်ပျိုးကြပြီး ဖူးစားပြောင်းကိုတော့ ဆောင်းရာသီ အဓိကစိုက်ပျိုးကြပါတယ်။ ဒီနှစ်ဆောင်းရာသီမှာ ဖူးစားပြောင်းစိုက်ပျိုးဖို့ ၁၃၃၉ ဧကစိုက်ပျိုးရန်လျာထားပါတယ်။ စိုက်ပျိုးရာမှာ တောင်သူတွေ ချောင်းရေ၊ မြောင်းရေနဲ့ မြေအောက်ရေတင် စိုက်ပျိုးကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ဖူးစားပြောင်းစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ သီးထပ်စိုက်ပျိုးရေးတို့ကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျန်းလှမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံမျိုးစုံစိုက်ပျိုးကြပြီး တစ်ဖက်တစ်လမ်းက မိသားစုဝင်ငွေရရှိရေးအတွက် ဖူးစားပြောင်းကို စိုက်ပျိုးထုတ်လုပ်ကြကြောင်း သိရသည်။

**(အောက်ပုံ)**


**(၄၈၀)**



# တစ်ပင်တိုင်ခြင်းလုံးအလှခတ်စွမ်းရည်ဖြင့် သုံးရက်ကြာ လာရောက်ဖျော်ဖြေ

**ပခုက္ကူ အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး ဂုဏ်ဆောင်ခြင်းလှိပ်ပြာနန္ဒဆင်းက သီတင်းကျွတ်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကျင်းပသော ခြင်းလုံးအလှခတ်ပွဲတွင် မြန်မာ့ရိုးရာ ကိုရိုင်းနှင့် အောင်သူဗိုလ်၊ မန္တလေးတိုင်းဒေသကြီးလက်ရွေးစင် မျိုးဆက်သစ်နှင့် စိုးဝေနင်း၊ နိုင်ငံကျော်ဟာသခြင်းမင်းသားကို ရဲမာန်၊ အခြားသောခြင်းမင်းသား၊ မင်းသမီးအဖွဲများ၊ ပခုက္ကူမြို့နယ်မှ ခြောက်ဦးစီပါဝင်သည့် ခြင်းအလှခတ်အဖွဲများပါဝင်ပြီး သီတင်းကျွတ်လဆန်း ၁၂ ရက်မှ ၁၄ ရက်အထိ သုံးရက်ကြာကျင်းပခြင်းဖြစ်ကြောင်း ဘုရားကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှဖုန်းထံမှ သိရသည်။



"သမီးက ခြောက်နှစ်ကတည်းက ခြင်းခတ်ဝါသနာပါပြီး လေ့ကျင့်ခဲ့တာပါ။ ဖေဖေခြင်းခတ်တဲ့နောက်ကို လိုက်သွားရင်း စိတ်ဝင်စားလာလို့ သင်ယူလေ့ကျင့် ခဲ့တာပါ။ လက်ရှိသမီးအသက်(၁၂)နှစ်ရှိပါပြီ။ ဘုရားပွဲ၊ အလှူပွဲ၊ ကထိန်ပွဲနှင့် အခြားပွဲတွေမှာ ခြင်းအလှခတ်ပါတယ်။ ခြင်းအလှပြတာတွေက အရင်ဦးဆုံး ခြေဖျားတော့ပြီး သီချင်းလေးတွေနဲ့ ကတယ်။ ကွင်းတွေ၊ အာဆီယံ ကွင်း၊ မီးကွင်းတွေနဲ့ အလှပြကစားတယ်။ ပါးစပ်ကိုက်ပြီး ဓားပြား၊ ဓားသွားတွေပေါ်တင်တယ်။ ခုံပေါ်၊ ပုလင်းပေါ်တွေ တက်ကစားတယ်။ ပုသိမ်ထီးတစ်ချောင်း၊ နှစ်ချောင်း ရရှိရေးနဲ့ ကြိုးစားသွားချင်ပါတယ်"ဟု မြန်မာ့ဂုဏ်ဆောင် တစ်ပင်တိုင်မင်းသမီး ခြင်းလှိပ်ပြာနန္ဒာဝင်းက ပြောသည်။

**(ဝံပုံ)**

**(၃၄၀)**

အိတလိစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉)အနိုင်၊ အရှုံး NGB
ခရိုမိုနိစ် ၅ - ၁ လက်ချို

# ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



မကွေး အောက်တိုဘာ ၂၉

၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မကွေးမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းမကွေးတိုင်းဒေသကြီး လွတ်တော် ဒုတိယဥက္ကဋ္ဌနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများနှင့် မျက်စိအထူးကုဆရာဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်က ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူအားလုံး ပူးပေါင်း၍ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအိအိအောင်က မျက်မမြင်ပပျောက်ရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး အခမ်းအနား တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မောင်နိုင်(ပြန်/ဆက်)

o–o–o–o–o


## မီးလောင်မီးလန့်မှုများ မဖြစ်ပေါ်စေရေး မီးဘေးလုံခြုံရေး စစ်ဆေး

မန္တလေး အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ရပ်ကွက်များတွင် စူပါအယ်လ်နီညိုကာလအတွင်း မီးလောင်မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် ယမန်နေ့ နံနက်ပိုင်းက မီးဘေးလုံခြုံရေး စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ တောင်မြင့်ရပ်ကွက်နှင့် ယာတော်ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ စူပါအယ်လ်နီညိုကာလအတွင်း ဖွင့်လှစ်မည့် အပူရောင်စခန်းများအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများပြုလုပ်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

(ဝ၇၅)

o–o–o–o–o


# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၅ ထပ်အဆောက်အအုံတစ်လုံးအား ထပ်မံဖြိုချပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်ခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံတစ်လုံးအား ယနေ့အထိ ၃၀ ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းရှိ အွန်လိုင်းလောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် အဆောက်အအုံများအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

# အမျိုးသမီးများကို ဘီယာဆိုင်နှင့် KTV ဆိုင်များသို့ ပို့ဆောင်ကာ ပြည့်တန်ဆာအဖြစ် ခိုင်းစေပြီး ရရှိသည့် ငွေကြေးများကို ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် အောက်တိုဘာ ၂၉

အမျိုးသမီးများကို ဘီယာဆိုင်နှင့် KTV ဆိုင်များသို့ ပို့ဆောင်ကာ ပြည့်တန်ဆာအဖြစ် ခိုင်းစေပြီး ရရှိသည့်ငွေကြေးများကို ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီ ချမှတ်ပြီး တိမ်းရှောင်တရားခံ ဖြူစင်သော်(ခ)မိုးချိအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်နေသူများဖြစ်သည့် အမျိုးသမီး ၁၃ ဦးတို့ကို မန္တလေးတိုင်းဒေသကြီးနေသူများဖြစ်သည့် သဇင်(ခ) ရာသက်ပန်၊ ကျော်မင်းထွန်း၊ ကျော်သူလင်း (ခ) ကိုပြည့်၊ အောင်လွင်ဦးနှင့် ဝေလင်းဦး၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်နေ လေးလေးမြင့်(ခ)ခွန်းနှင့် ပဲခူးတိုင်းဒေသကြီးနေ ဖြူစင်သော်(ခ)မိုးချိတို့က နည်းမျိုးစုံဖြင့် လိမ်လည်စည်းရုံးပြီး ၎င်းတို့နေထိုင်ရာဒေသမှ မန္တလေးသို့ခေါ်ယူပြီး ဘီယာဆိုင်နှင့် KTV ဆိုင်များသို့ စေလွှတ်ကာ ဧည့်သည်အမျိုးသားများနှင့် ဘီယာဝိုင်းတွင် ထိုင်စေခြင်း၊ ပြင်ပသို့ လိုက်၍ အတူနေထိုင်စေခြင်း။ အဆင်မပြေ၍ အလုပ်မလုပ်လိုကြောင်း ပြောသော်လည်း ငွေကျပ် ၁၅ သိန်းပေးမှ ပြန်လည်စေလွှတ်မည်ဟု ပြောဆိုခြင်း။ အမျိုးသားများနှင့် ပြင်ပသို့လိုက်၍ အတူနေထိုင်ကာ တစ်ကြိမ်လျှင် ငွေကျပ် ၂ သိန်းမှ ၂ သိန်းခွဲအထိ ပေးမည်ဟုပြောဆို ခိုင်းစေခြင်းတို့ကို စီစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပြည်ကြီး တံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်း (ပ)၁၂၀/၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၂၃ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ သဇင်(ခ)ရာသက်ပန်၊ ကျော်မင်းထွန်း၊ ကျော်သူလင်း (ခ) ကိုပြည့်၊ အောင်လွင်ဦး၊ ဝေလင်းဦးနှင့် လေးလေးမြင့်(ခ)ခွန်းတို့ ခြောက်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဖြူစင်သော်(ခ)မိုးချိ အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ



ကလေး အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့တွင် သမဝါယမမန်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးရေး စီမံကိန်းများဖြစ်သည့်အခြေခံ၊ မွမ်းမံစက်ချုပ်နည်းပညာသင်တန်းနှင့် အခြေခံ၊ မွမ်းမံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများမှ ထူးချွန်ဆုရရှိသူများအား လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

(အပေါ်ယာပုံ)

ရှေ့ဦးစွာ ကလေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထက်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထန်လမ်းဒိမ်က ဌာနအနေဖြင့် သင်တန်းဖွင့်လှစ်သင်ကြားပေးနေမှုများ၊ သင်တန်းဖွင့်လှစ်ခြင်း၏ရည်ရွယ်ချက်များ၊ ဆက်လက်ဖွင့်လှစ်သင်ကြားပို့ချသွားမည့် သင်တန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခြေခံစက်ချုပ်သင်တန်းကို ဇွန် ၂၃ ရက်မှ စတင်၍ ၄၅ ရက်ကြာကာလအတွင်း သင်တန်းသူ ၁၂ ဦးကို စက်ချုပ်ဆိုင်ဘာသာရပ် ၁၁ မျိုး၊ ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်ကြာကာလအတွင်း သင်တန်းသား ၁၅ ဦးကို လူသုံးကုန်ထုတ်လုပ်နည်း ဘာသာရပ် ၁၂ မျိုးကို စာတွေ့ ၃၀ ရာခိုင်နှုန်း လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချခဲ့သည်။ သင်တန်းများတွင် ထူးချွန်ဆုရရှိသူတစ်ဦးစီကို တန်ဖိုးငွေကျပ် သိန်း ၂၀နှင့်ညီမျှသော လုပ်ငန်းသုံးပစ္စည်းများကို စာချုပ်ဖြင့်ငှားရမ်းမည်ဖြစ်ပြီး စက်ချုပ်နည်းပညာသင်တန်းမှ ထူးချွန်ဆုရသူ ငါးဦးကို လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းမှ ထူးချွန်ဆုရရှိသူ ငါးဦးကို လုပ်ငန်းသုံးပစ္စည်းများကို စာချုပ်ဖြင့်ငှားရမ်းမည်ဖြစ်ပြီး စက်ချုပ်နည်းပညာသင်တန်းမှ ထူးချွန်ဆုရသူ ငါးဦးကို လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မိုင်းကိုင်မြို့နယ်အတွင်း ရွာတော်ကျေးရွာနှင့် နောင်ခမ်းကျေးရွာ နှစ်ရွာ၏ လက်ရှိရေသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မိုင်းကိုင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၅၁ ရွာရှိသည့် အနက် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာ နှစ်ရွာသို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိစေရန်အတွက် ကြိုတင်ပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

အောင်ရဲကျော်



## သောက်သုံးရေရှားပါးနိုင်သည့် ကျေးရွာများတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကွင်းဆင်းစစ်ဆေး

မိုင်းကိုင် အောက်တိုဘာ ၂၉

သမဝါယမမန်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများသည် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာနှစ်ရွာသို့ ရေရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများသည် မိုင်းကိုင်မြို့နယ်အတွင်း ရွာတော်ကျေးရွာနှင့် နောင်ခမ်းကျေးရွာ နှစ်ရွာ၏ လက်ရှိရေသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



## ဝိဝိတဒါနသံဃာ ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း



မန္တလေး အောက်တိုဘာ ၂၉

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့ သည့် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ၆၂လမ်းနှင့် ၁၄လမ်းထိပ်ရှိ နန်းတော်ရှေ့ ဗိဝိတဒါနသာသနာ့အထူးကု ဆေးရုံကြီး သို့ အလှူရှင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက် ၃၂ လမ်း၊ ၈၅လမ်းနှင့်၈၆လမ်းကြား မလွန်ဈေးဆန်လူအသင်းကြီးမှ ဆေးပဒေသာပင်အလှူငွေ ကျပ် ၁၀ သိန်းနှင့် ဆွမ်းဆန်တော် ငါးတင်းကို လာရောက်လှူဒါန်းရာ ဆေးရုံကြီး အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဗိဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင် နှင့် အခြားဘက်စုံ အလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ၀၉-၈၉၂၉၃၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၁)

## နှစ်ကျိပ်ရှစ်ဆူပုဒ္ဓါမြတ်စွာဘုရား အရုဏ်ဆွမ်းလောင်းလှူပွဲတွင် ကုသိုလ်ပြုသူများပြင့် စည်ကား

ပင်းတယ အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် ရွာငြိမ်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၌ တည်ထားကိုးကွယ်သော နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓမြတ်စွာဘုရား အရုဏ်ဆွမ်းလောင်းလှူကုသိုလ်ပြုသူများနှင့် အောက်တိုဘာ ၂၈ ရက်က ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားများ၌ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးစည်သည်များဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ် သီတင်းကျွတ်လဆန်းပိုင်းနေ့ရက်များမှ စတင်၍ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓမြတ်စွာဘုရားများနှင့် ရှင်ဥပဂုတ္တ၊ ရှင်သီဝလိ၊ ရှင်အာနန္ဒာ အစရှိသော ရဟန္တာများအား အရုဏ်ဆွမ်းတော်၊ ဆွမ်းဟင်း၊ သစ်သီးဝလံနှင့်ယိုမျိုးစုံ စသည့် စတုဒိသာများအား လာရောက်ဆက်ကပ်လောင်းလှူဇော်ခြင်းကို ဓနဒေသပင်းတယနှင့် ရွာငြိမ်မြို့နယ်များမှ ဒေသနေဓနတိုင်းရင်းသား၊ တောင်ရိုးတိုင်းရင်းသား၊ ပအိုဝ်းတိုင်းရင်းသား၊ ပလောင်တိုင်းရင်းသား၊ ရှမ်းတိုင်းရင်းသား အစရှိသော တိုင်းရင်းသားမိဘပြည်သူများက ရှေးရိုးရာ အစဉ်အလာမပျက် ကောင်းမှုကုသိုလ်ပြုဆောင်ရွက်ခြင်းကို ဝိုင်းဝန်းပူးပေါင်းလှူဒါန်း ပေးမှုများဖြင့် စည်ကားလျက်ရှိသည်။

ဓနဒေသပင်းတယမြို့နှင့် ရွာငြိမ်မြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ကျေးရွာအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများမှ ကျောင်းထိုင်ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ လူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း၊ မိဘနှစ်ပါးနှင့် သက်ကြီးရွယ်အို၊ ဆွေမျိုးမိတ်သင်္ဂဟများအား ရှိခိုးကန်တော့ခြင်းနှင့် လူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်၊ ကျေးဇူးရှင် ကုံလုံဆရာတော် ဘုရား၏ ရုပ်ကလာပ်တော်တည်ရှိရာ စဉ့်စက္ကောင်းတော်နှင့် တန်ခိုးကြီး ဘုရားစေတီပုထိုးများအား ဖူးမြော်ကြည်ညိုခြင်း၊ နဝကမ္မဝတ္ထုဆွေများလှူဒါန်းပေးခြင်း အစရှိသည့် သာသနာ့အကျိုးသယ်ပိုးခြင်းများကို မိမိတို့တတ်စွမ်းနိုင်သမျှကုသိုလ်ပြု လှူဒါန်းဆောင်ရွက်ခြင်းနှင့် မြို့ပေါ်အနောက်တောင်တန်း၏ အလယ်၌တည်ရှိသော ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်အတွင်းရှိ ရှေးဟောင်းစေတီပုထိုး၌ ဒေသခံမိဘပြည်သူများ၊ ရပ်ရွာလူထုဝေးမှ ဘုရားဖူးစည်သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၃၃၈)

❐ ရှေ့ဖုံးမှ

ဆောင်ရွက်ထားရှိမှု၊ ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်အသုံးပြုနေမှုနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုတို့ကို ယနေ့တွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများမှ တာဝန်ရှိသူများက 5G ဆက်သွယ်ရေး ကွန်ရက် အကောင်ထည်ဖော်ဆောင်ရွက်နေမှု၊ စခန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ကွန်ရက် လွှမ်းခြုံမှု တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များနှင့် နည်းပညာဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက 5G ဆက်သွယ်ရေးနည်းပညာသည် မြန်နှုန်းမြင့် ဒေတာဆက်သွယ်မှု၊ အချိန်နှင့် တစ်ပြေးညီ သတင်းအချက်အလက်ဖလှယ်မှုနှင့် ဒီဂျစ်တယ်နည်းပညာ အခြေပြု ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် နည်းပညာတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ 5G ဆက်သွယ်ရေးကွန်ရက်များ အကောင်အထည်ဖော်ရာတွင် နည်းပညာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊ ကွန်ရက်တည်ငြိမ်ကောင်းမွန်မှုနှင့် ဝန်ဆောင်မှုအရည်အသွေးပြည့်မီစေရန်၊ ဆက်သွယ်ရေးစက်ပစ္စည်းများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ထိန်းသိမ်းပြုပြင်မှုများကို စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

5G ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ဒီဂျစ်တယ်စီးပွားရေး၊ စမတ်မြို့ပြဖွံ့ဖြိုးရေး၊ အင်တာနက်အခြေပြုဝန်ဆောင်မှုများနှင့် နည်းပညာအသုံးချလုပ်ငန်းများ တိုးတက်လာစေရန် အထောက်အကူပြုမည်ဖြစ်သဖြင့် ဆက်သွယ်ရေးကွန်ရက်များ အရည်အသွေးပြည့်မီစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများက ဆောင်ရွက်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■ လေဖိအားနည်းရပ်ဝန်းမှ

ထိုမှတစ်ဆင့် အောက်တိုဘာ ၃၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကမ္ဘလီပင်လယ်ပြင်နှင့် နီကိုးဘားကျွန်းတို့တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/၈လ

# ပဉ္စမအကြိမ် အာစရိယပူဇော သက်တော်ရှည်ဆရာတော်ကြီးများအား ပူဇော်ပွဲ ကျင်းပ



**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မဒိုးရိမ်တိုက်သစ်၊ ဓမ္မသမိုင်္ဂကျောင်း၌ ယမန်နေ့ နံနက်ပိုင်းက ပဉ္စမအကြိမ် အာစရိယပူဇော သက်တော်ရှည်ဆရာတော်ကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကြွရောက်လာသူများက 'နမောတဿ' သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အမှူးပြုသော အကျိုးတော်ဆောင် ဆရာတော်ကြီး၏ တပည့်သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများက သက်တော်ရှည် ဆရာတော်ကြီးများကို သြကာသကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ကြပြီးနောက် စတုဘူမိကမဂ္ဂင်ရိပ်သာ နဂါးကျောင်း တိုက်ဆရာတော်ကြီး အဘိဓေအဂ္ဂမဟာသဒ္ဓမ ဇောတိကဓဇ ဘဒ္ဒန္တဝိဇယ မဟာထေရ်က ဆုယေခိုးမြွှင့်တော်မူသည်။ **(၁၀)**

ထို့နောက် နိုင်ငံတော်သြဝါဒိစရိယ အဘိဓေမဟာရဋ္ဌဂုရု၊ မဟာဓမ္မိကာရာမကျောင်းတိုက်၊ မိတ္ထိလာကျောင်း ဆရာတော်ကြီးက သြဝါဒကထာချီးမြှင့်တော်မူခြင်း၊ ဘဒ္ဒန္တ သုဇနဝိယက နိုင်ငံတော် သြဝါဒိစရိယ အဂ္ဂမဟာပဏ္ဍိတမြတ်ကျောင်းတိုက် သာယာဝင်းကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ သာဂရာဘိဝံသက သြဝါဒကထာချီးမြှင့်တော်မူခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊ မဒိုးရိမ်တိုက်သစ် မဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ ဇောတိကဓဇ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ဆရာတော်ကြီးက သက်တော်ရှည်ပူဇော်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ဆရာတော်ကြီးများအား လျှောက်ထားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်းရှိ သက်တော်(၈၀) ပြည့် ဝါတော် (၆၀)နှစ်အထက် သက်တော်ရှည် ဆရာတော်ကြီး ၁၇၅ ပါးအား အလှူရှင်အသီးသီးက အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ပြီးနောက် ဆရာတော်ကြီးများအား နေ့ဆွမ်းနှင့်အချိုပွဲများ ဆက်ကပ်လှူဒါန်း၍ ကြွရောက်လာသူများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **(၀၅၆)**

# တိုက်ကွမ်ဒို(အခြေခံ)သင်တန်း ဖွင့်လှစ်

**လားရှိး အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိးမြို့တွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူး၍ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၃ ခုနှစ် တိုက်ကွမ်ဒို(အခြေခံ) သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၈ ရက်က ပြည်ထောင်စုအားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ လားရှိးခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝင်းက အမှာစကား ပြောကြားရာတွင် တိုက်ကွမ်ဒို သည် ကိုယ်ခံပညာ အားကစား နည်းတစ်မျိုးဖြစ်သည့်အပြင် မိမိကိုယ်ကို ကာကွယ်နိုင်ရန် အခြေခံကျွမ်းကျင်မှုများကို သင်ယူနိုင်သည့် အားကစားပညာရပ်တစ်ခုဖြစ်ကြောင်း၊ ကိုယ်ခံပညာကို သင်ယူရာ၌ မိမိ၏ ကျွမ်းကျင်မှုများကို သူတစ်ပါးအား အနိုင်ကျင့်ရန်နှင့် ထိခိုက်နစ်နာစေရန်အတွက် မဟုတ်ဘဲ မိမိနှင့် အခြားသူများ၏ လုံခြုံရေးကို ကာကွယ်နိုင်စေရန်နှင့် မိမိပတ်ဝန်းကျင်ရှိသူများကို လေးစားတန်ဖိုးထားတတ်စေရန် အသုံးချရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းနည်းပြ ဆရာမ ဒေါ်အိသက်ဇွန်က သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး လားရှိးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအဖွဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိးဥက္ကဋ္ဌ ဒေါ်နန်းခမ်းယဉ်တို့က သင်တန်းတက်ရောက်သင်ကြားမည့် သင်တန်းသူများအတွက် သင်တန်းဝတ်စုံများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ သင်တန်းအား အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသူ စုစုပေါင်း ၈၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**လူမော်(ပြန်/ဆက်)**

# တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်း ထိခိုက်ပျက်စီးမှု မပြစ်ပျောစေရေး အသိပညာပေးဆွေးနွေး



**ပခုက္ကူ အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားခြင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် စိုက်ပျိုးရေ မလုံလောက်ခြင်းများ ဖြစ်ပေါ်နိုင်မှုများ၊ စိုက်ပျိုးရေ အသုံးချမှုများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ သီးနှံများ စနစ်တကျ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သီးနှံအထွက်နှုန်းထိခိုက်မှု မရှိစေရေးနှင့် အယ်လ်နီညိုရာသီဥတု သက်ရောက်မှုလျော့ချနိုင်ရေးအကြောင်း တို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးကြရာ တောင်သူများက သိရှိလိုသည်များ မေးမြန်းကာ ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကာလအတွင်း သတိပြုလိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေး လုပ်ငန်းများဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို တောင်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၃၄၀)**

# မီး သတိပြု။

# မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း မီးဘေးစစ်ဆေးခြင်းများ ဆောင်ရွက်

**ဒက္ခိဏာသိရီ အောက်တိုဘာ ၂၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏာသိရီမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ စူပါအယ်နီညိုကာလအတွင်း မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဒက္ခိဏာသိရီမြို့နယ် မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာများအတွင်း ကွင်းဆင်း၍ ပြည်သူများ၏ နေအိမ်များသို့ တစ်အိမ်တက်ဆင်း သွားရောက်ကာ မီးဘေးလုံခြုံရေးအခြေအနေများကို လိုက်လံစစ်ဆေးခဲ့ကြပြီး စူပါအယ်နိုညိုကာလတွင် ရာသီဥတုပူပြင်းခြောက်သွေ့မှုကြောင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် သတိပြုရမည့် အချက်များနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(၁၀၃)**



**သျှင်ဦးမောင်(ဒက္ခိဏာ)**



# သွင်းကုန်အစားထိုး MSME လုပ်ငန်းများ ရေရှည်ပွဲ့ဖြိုးတိုးတက်ရေးတို့အတွက် (၀ါးတူ)ရောင်းချနေသော ကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ သွင်းကုန်အစားထိုး MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် (၀ါးတူ)ရောင်းချနေသော ကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က မြို့မဈေးကြီးတွင် စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံး ခရိုင်ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် ထုတ်ကုန်လုံခြုံ စိတ်ချရမှု ဌာနခွဲ တာဝန်ခံ ဒေါ်ချောစုထွေး (ဦးစီးမှူး)နှင့် ဝန်ထမ်းများက ဈေးကွက်အတွင်း ပြန်လည်ရောင်းချမှုတို့ကို သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိနှင့် သွင်းကုန်အစားထိုး MSME လုပ်ငန်းများ ရေရှည်ပွဲ့ဖြိုးတိုးတက်ရေးတို့အတွက် မြို့မဈေးကြီးအတွင်း ရှိ (၀ါးတူ)အမျိုးမျိုးရောင်းချနေသော ကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ရာ ဈေးကွက်အတွင်း အောင်ချမ်းသာ၊ ကျော်ကျော်(လားရှိး)၊ မင်္ဂလာပါ ဟော်(လားရှိး)၊ ဒေါ်နန်းလှ(၀ါးတူ) အမှတ်တံဆိပ်နှင့် အခြားအမှတ်တံဆိပ်(၀ါးတူ)များ ဈေးကွက်အတွင်း ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်၀ဲပုံ)**

**(၄၆၉)**

### ကြော်ငြာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၄)၊ ဦးပိုင်အမှတ်(၃၀)၊ လမ်း၂၀၊ လမ်း၈၀နှင့် ၈၁လမ်းကြားရှိ ဘိုးဘမြေကွက်အား၊ အမည်ပေါက်သူ ဖခင်ဦးသန်းမောင်၊ မိခင်ဒေါ်အမလေး(ခ)မမလေး တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးမောင်မောင်ကြီး(၉/မနမ(နိုင်)၀၃၂၂၄၀)၊ ဦးမောင်မောင်လေး(၉/မနမ(နိုင်)၀၃၂၀၄၁)၊ ဦးစိုးမြင့်(၉/မနမ(နိုင်)၀၃၂၀၄၂)၊ ဦးသိန်းဌေး(၉/မနမ(နိုင်)၀၃၂၀၄၃)(၎င်း၏ GPရရှိသူ ဦးမောင်မောင်ကြီး)၊ ဒေါ်ဖြူဖြူလှိုင်(၉/မနမ(နိုင်)၀၉၇၆၇၉)(၎င်း၏ GPရရှိသူ ဦးမောင်မောင်ကြီး)တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၇)၊ ဦးပိုင်အမှတ်(၇၄)၊ ၂၉လမ်းနှင့် လမ်း၃၀ကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားရှိ ဒေါ်စိန်စိန် အမည်ပေါက်ဂရန်မြေကွက်အား၊ ဖခင်ဦးကျော်ရင်၊ မိခင်ဒေါ်စိန်စိန်၊ သားဦးစိုးတင့်(လူပျိုဘ၀)၊ သားဦးကျော်စိုးမိုး(လူပျိုဘ၀)တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးကျော်ကျော်(၉/မရမ(နိုင်)၀၀၈၉၄၉)၊ ဦးအေးကို(၉/မရမ(နိုင်)၀၀၈၉၅၈)၊ ဒေါ်ကြူကြူ(၉/မရမ(နိုင်)၀၃၀၂၂၅)၊ ဒေါ်မူမူ(၉/မရမ(နိုင်)၀၁၂၄၇၂)၊ ဒေါ်မြင့်မြင့်(၉/မရမ(နိုင်)၀၁၂၄၇၃)၊ ဒေါ်သန်းသန်းအေး(၉/မရမ(နိုင်)၀၁၂၄၇၄)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၈)၊ ဦးပိုင်အမှတ်(၃၁)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ငွေငွေ(၅/တမန(နိုင်)၀၀၅၈၂၀)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၂)၊ ဦးပိုင်အမှတ်(၄-ခ)၊ ၅၂လမ်း၊ ၄၂လမ်းနှင့် ၄၃လမ်းကြားရှိ ဂရန်မြေကွက်အား၊ အမည်ပေါက်သူ ဦးစိုးမြင့်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၈၈၇/၂၀၁၃)ဖြင့် ဝယ်ယူခဲ့သူ ခင်ပွန်း ဦးပါန်ဂရာလို ကွယ်လွန်၍ ကျန်ရစ်သူ ဇနီးဒေါ်ကျော့ရှင်လန်(၁၃/လရန(နိုင်)၀၇၇၄၀၈)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၅၃)၊ ဦးပိုင်အမှတ်(၄၈)၊ မစိုးရိမ်တိုက်သစ်လမ်းနှင့် မဟာစည်လမ်းကြား၊ ၃၈လမ်းနှင့် ၃၉လမ်းကြားရှိ ဦးပြောင်း၊ ဒေါ်လှခင် အမည်ပေါက်ဂရန်မြေကွက်အား၊ အမည်ပေါက်သူ ဇနီးဒေါ်လှခင် ကွယ်လွန်၍ ကျန်ရစ်သူပူးတွဲအမည်ပေါက်သည့် ခင်ပွန်းဦးပြောင်း(၉/မနတ(နိုင်)၀၆၄၉၂၈)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာ

